စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ဝေသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၄/၂၀၁၉**

**၂၀၁၉ ခုနှစ်၊ ဧပြီလ သတင်းခေါင်းစဉ်များ**

## ပြည်တွင်းဈေးကွက်

- လှုပ်လှုပ်ရှားရှား ဆန်စပါးသတင်းများ
- GAP ပဲတီစိမ်းများ ၂၂ ရက်အတွင်း ၉၅၅ ဒသမ ၃၃ တန် နိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ခဲ့
- နမ်းနက်ဧက ၅၀,၀၀၀ ကို GAP စနစ်ဖြင့် စိုက်ပျိုးမည်

## နိုင်ငံတကာဈေးကွက်

- တရုတ်က ကုန်သွယ်ရေးစစ်နောက်ပိုင်း အမေရိကန်နံ့စားပြောင်း ပမာဏအများဆုံးပြန်လည်ဝယ်ယူလာ
- ပူပြင်းခြောက်သွေ့မှုကြောင့် နွေစပါးမစိုက်ရန် ကမ္ဘောဒီးယားတောင်သူများထံ ပန်ကြားထား
- အိန္ဒိယ (သို့မဟုတ်) အမေရိကန် ကုန်သွယ်စစ်၏ ဒုတိယပစ်မှတ်

## ပြည်တွင်းကုန်သွယ်မှုသတင်း

- ပြည်တွင်း၌လိုအပ်ချက်ရှိ၍ ပြည်ပမှ စားအုန်းဆီတင်သွင်းမှု ရပ်ဆိုင်းမည်မဟုတ်
- အာလူးမျိုးများ ဖြန့်ဝေမှုစနစ် ထူထောင်ခြင်း စီမံကိန်း အပါအဝင်စီမံကိန်း သုံးခုကို စတင်ဆောင်ရွက်
- မြန်မာ့မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်ရှိ
- ချင်းပြည်နယ်ထွက် စတော်ဘယ်ရီဈေးကောင်းရ၊ စိုက်ပျိုးသူများအဆင်ပြေ
- ပြည်တွင်းသကြားထုတ်လုပ်မှု တန်ချိန် ခုနစ်သိန်းခန့်ရှိလာနိုင်၍ ပြည်တွင်းစားသုံးမှုထက် ပိုလျှံနိုင်

## ပြည်ပကုန်သွယ်မှုသတင်း

- မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည် အမျိုးအစားကို တရုတ်နိုင်ငံက တင်သွင်းမှု ရပ်ဆိုင်း
- နိုင်ငံခြားသို့ မြန်မာကော်ဖီတင်ပို့မှု ယခင်နှစ်ထက် ၃ ဆ တိုးတက်လာခဲ့
- မြန်မာ့ကျွဲကောသီးကိုဝယ်ယူရန်ပြည်ပကမ်းလှမ်းမှုများရှိသော်လည်းလုံလောက်စွာတင်ပို့နိုင်ခြင်းမရှိ
- မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေ
- ပြည်တွင်းထောပတ်သီး အမေရိကန်မှဝယ်ယူရန် ကမ်းလှမ်းသော်လည်း လက်ခံနိုင်ခြင်းမရှိသေးဟုဆို
- တရုတ်ဈေးကွက်တွင် နနွင်းဝယ်လိုအား ကောင်း၍ စိုက်ပျိုးသူများ အဆင်ပြေ

## အထူးဆောင်းပါးများ

ဆီစက်တစ်လုံး လုပ်ငန်းရပ်လိုက်ရတိုင်း သင့်မှာ ရောဂါတိုးပွားလာနေသည်ကို ဂရုပြုကြပါ

## ကုန်သွယ်မှုအခြေအနေ

## ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁--၃၇၆၄၁၆
http://www.trade.gov.mm
myantradetir2016@gmail.com

## လှုပ်လှုပ်ရှားရှား ဆန်စပါးသတင်းများ

ဒီနှစ် ၂၀၁၉ အတွင်းမှာ မြန်မာအပါအဝင် နိုင်ငံတကာကနေ ဝယ်ယူတင်သွင်းမယ့် ဆန်၊ ဂျုံ၊ ပြောင်း အစရှိတဲ့ ကောက်ပဲသီးနှံ ခွဲတမ်းသတ်မှတ်ချက်တွေကို တရုတ်အစိုးရက ဒီအပတ်မှာထုတ်ပြန်ခဲ့ပါတယ်။ တရုတ်အနေနဲ့ ဒီနှစ် အတွင်းမှာ နိုင်ငံတကာကနေ ဆန်တန်ချိန် ၅ ဒသမ ၃ သန်း၊ ပြောင်း တန်ချိန် ၇ ဒသမ ၂ သန်းနဲ့ ဂျုံ တန်ချိန် ၉ ဒသမ ၆ သန်း ဝယ်ယူမယ်လို့ ကြေညာချက်မှာ ဖော်ပြပါတယ်။ တရုတ်ရဲ့ ဒီကြေညာချက်ဟာ နိုင်ငံ တကာက ကောက်ပဲသီးနှံ တင်ပို့ရောင်းချသူ တွေကို အသိပေးတဲ့ သဘောမျိုး ဖြစ်ပြီး အရင်နှစ်တွေက ဆန်ကို တစ်နှစ်မှာ တန်ချိန် ၃ သန်း ကျော်ပဲ တင်သွင်းနေရာက ဒီနှစ်မှာ ၅ သန်းကျော်အထိ တင်သွင်းမယ်ဆိုလာတဲ့ အတွက် တရုတ်အစိုးရဟာ နယ်စပ်ကတရားမဝင် ဝယ်ယူတင်သွင်းတာထက် တရားဝင်ကုန်သွယ်ရေးကို ပိုပြီးလုပ်ဆောင်မယ့် သဘော ရှိတယ်လို့ မြန်မာကုန်သည်တွေက သုံးသပ်ပါတယ်။

လတ်တလောမှာ တရုတ်က မြန်မာ့ဆန်တန်ချိန် ၄ သိန်း ဝယ်ယူဖို့ စာချုပ်မူကြမ်း ပေးပို့ထားပေမယ့် ဆက်လက် ညှိနှိုင်းရမယ့် အပိုင်းတွေ ရှိနေတုန်းပဲလို့သိရပါတယ်။ နောက်တစ်ခါ မြန်မာပြည်က ရန်ကုန်နဲ့ တရုတ်နိုင်ငံက ကူမင်း၊ ညီအစ်မ မြို့တော် အစီအစဉ်အရ ကုန်စည်ဖလှယ်တဲ့စနစ်နဲ့ မြန်မာကနေ တရုတ်ကိုဆန်တင်ပို့နိုင်ဖို့ နားလည်မှုစာလွှာ ရေးထိုးမယ်လို့သိရပြီး အင်ဒိုနီးရှားရဲ့ ဆန်အဝယ် တင်ဒါမှာလည်း မြန်မာဆန်ကုမ္ပဏီတွေ ဝင်ရောက်ယှဉ်ပြိုင်ဖို့ကမ်းလှမ်းခံထားရတယ်လို့ သတင်းတွေမှာဖော်ပြပါတယ်။ တခြား သတင်း တွေမှာလည်း အစိုးရချင်းချိတ်ဆက်ကုန်သွယ်တဲ့ G to G စနစ်နဲ့ ပြည်ပ ကိုဆန်၊ ဆန်ကွဲတွေတင်ပို့ရောင်းချရာမှာပါဝင်ဖို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သူ့ရဲ့အဖွဲ့ဝင်ကုမ္ပဏီတွေကို ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ ဒီအပတ်သတင်းတွေမှာဆန်စပါးကဏ္ဍက သိသာမြင်သာ လှုပ်ရှားလာတာတွေ့ရပြီး တရုတ်က အဝယ်နည်းပါးလို့ အေးနေတဲ့ မြန်မာ့ဆန်ဈေးကွက်လည်း ပြန်လှုပ်ရှားအသက်ဝင် လာမယ်လို့ မျှော်လင့်ရ ပါတယ်။ Source: https://www.facebook.com/nworldyangon/posts/2125891837491893

## GAP ပဲတီစိမ်းများ ၂၂ ရက်အတွင်း ၉၅၅ ဒသမ ၃၃ တန် နိုင်ငံခြားဈေးကွက်သို့ တင်ပို့နိုင်ခဲ့

ခရမ်းနှင့် သုံးခွမြို့နယ်များရှိ P4 စီမံကိန်းဝင် ကျေးရွာများမှ တောင်သူများသည် GAP စနစ်ဖြင့် စိုက်ပျိုးထားသော ပဲတီစိမ်း များကို ကောင်းမွန်ခိုင်မာသော ဈေးကွက်ရရှိရန် စုပေါင်းရောင်းချမှုစနစ်အား အကောင်အထည်ဖော်လျက်ရှိသည်။ ၎င်းအစီအစဉ်အရ တောင်သူများက စုပေါင်းရောင်းချခဲ့ရာ ဖေဖော်ဝါရီလ ၇ ရက်မှ ၂၈ ရက်အထိ ၂၂ ရက်အတွင်း တန်ချိန် ပေါင်း ၉၅၅ ဒသမ ၃၃ တန် ရောင်းချနိုင်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်ရောင်းချသွားမည့် တောင်သူပိုင် စိုက်ခင်းများမှ ပဲတီစိမ်း များကိုလည်း ခူးဆွတ် ကြိတ်ခွဲလျက်ရှိပြီး နေ့စဉ် ခရမ်းမြို့နယ် ဂိုဒေါင်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းများကိုGAPစနစ်ဖြင့်စိုက်ပျိုးနိုင်ရန်နှင့် ကောင်းမွန်ခိုင်မာသောဈေးကွက်ရရှိရန်စုပေါင်းရောင်းချမှုစနစ် အကောင်အထည် ဖော်နိုင်ရန် P4 စီမံကိန်း၏ပံ့ပိုးမှုဖြင့် တိုင်းတောင်သူဖွံ့ဖြိုးရေးအဖွဲ့များက ချိတ်ဆက်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းစနစ်များကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကပူးပေါင်း ဆောင်ရွက်ပေးခဲ့ သည်။ထွက်ရှိလာသောGAPပဲတီစိမ်းများကိုနိုင်ငံခြားဈေးကွက်သို့ မြင့်မြတ်တော်ဝင် ကုမ္ပဏီက ချိတ်ဆက်ရောင်းချ ပေးခဲ့ခြင်းဖြစ်သည်။ ပဲတီစိမ်းများကိုယခင်က မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခြင်း၊ ဆေးဝါးသုံးစွဲမှု လွဲမှားခြင်း၊ တောင်သူအစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းများကို P4 စီမံကိန်းက ချိတ်ဆက်ဆောင်ရွက်ပေးမှုများကြောင့် ယခုအခါတွင် နိုင်ငံခြားဈေးကွက်ဝင် ပို့ကုန်တစ်မျိုး ဖြစ်လာ သည့်အပြင် စုပေါင်းရောင်းချခြင်းကြောင့် အလေးချိန်နှင့် ဈေးနှုန်းများမှန်ကန်ကောင်းမွန်ခြင်းကြောင့် တောင်သူများ အကျိုးအမြတ် ပိုမိုရရှိပြီး ရောင်းချမှုအပိုင်းတွင်လည်း စိတ်ကြေနပ် မှုရှိကြကြောင်း သိရသည်။ Source:ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန

## နှမ်းနက်ဧက ၅၀,၀၀၀ ကို GAP စနစ်ဖြင့် စိုက်ပျိုးမည်

လာမည့်မိုးရာသီတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၅ မြို့နယ်၌ နှမ်းနက်ဧက ၅၀,၀၀၀ ကို စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ပြည်တွင်းမှထွက်ရှိသည့် နှမ်းနက်များကို ပြည်ပသို့တင်ပို့ရာတွင် ဈေးကောင်းရရှိရေးအတွက် နိုင်ငံတကာ ဈေးကွက်မှ လက်ခံသည့် GAP စနစ်ဖြင့် စိုက်ပျိုးရန် ဆောင်ရွက်ရခြင်းဖြစ် ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူးက ပြောသည်။ "ကျွန်တော်တို့ အနေနဲ့ အာဆီယံအဆင့် GAP ကိုပဲ အရင်သွားမယ်။ ကမ္ဘာ့အဆင့် GAP အထိတော့ မရသေးဘူး။ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဌာနက လူတွေနဲ့ပါ ပူးပေါင်းလုပ်ဆောင် မှာပါ" ဟု ဦးစီးမှူးက ပြောသည်။

မကွေးတိုင်း ဒေသကြီးအတွင်း၌ နှမ်းနက်ကို GAP စနစ်ဖြင့် ၂၀၁၇ ခုနှစ်တွင် ဧကပေါင်း ၃၀၉၄ ဒသမ ၅၇ ဧက ခန့်အား စိုက်ပျိုးခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဧကပေါင်း ၂၂,၀၈၀ ဧကခန့်ကို စိုက်ပျိုးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာစာ ရင်းများအရ သိရသည်။ "GAP စနစ်နဲ့ စိုက်တော့ ပြည်ပတင်ပို့တဲ့အခါ ဈေးကောင်းရတယ်။ အရည်အသွေးကလည်း ကောင်းလာတော့ ပြည်ပကလည်း လက်ခံလာ

တယ်။ စိုက်ပျိုးရေး နည်းစနစ်ကောင်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ထောက်ပံ့ပေး နိုင်ရင်တောင်သူတွေကလည်း လိုက်ပါဆောင်ရွက်မှာပါ"ဟု ရေနံချောင်းမြို့နယ်မှ နမ်းနက်စိုက်တောင်သူတစ်ဦးက ပြောသည်။

Source:http://www.amiamyanmar.com/detail.aspx?id=6908

## နိုင်ငံတကာဈေးကွက်

### တရုတ်က ကုန်သွယ်ရေးစစ်နောက်ပိုင်း အမေရိကန်နှံစားပြောင်း ပမာဏအများဆုံးပြန်လည်ဝယ်ယူလာ

အမေရိကန်ပြည်ထောင်စု၏နှံစားပြောင်းအကြီးဆုံးဝယ်လက်ဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အမေရိကန်သီးနှံများအပေါ် အခွန် ၂၅ ရာခိုင်နှုန်းအထိ စတင်စည်းကြပ်ခဲ့သည့် ယခင်နှစ်၊ ဇူလိုင်လနောက်ပိုင်း အမေရိကန် နှံစားပြောင်း ပမာဏအများဆုံး ဝယ်ယူမှုကို ပြုလုပ်လိုက်သည်။ တရုတ်သည် ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၇ ရက်အကြား အမေရိကန်နှံစားပြောင်း ဘုရှယ် ၂ ဒသမ ၆ သန်းဝယ်ယူခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။ ၎င်းထုတ်ပြန်ချက်မှာ အမေရိကန်နှင့် တရုတ်တို့၏ ကုန်သွယ်ရေးစစ်ကြောင့် အထိနာနေရသော အမေရိကန် နှံစားပြောင်းတောင်သူများအတွက် သတင်းကောင်းဖြစ်ခဲ့သည်။ တရုတ်က အဝယ်ဈေးကွက်ထဲ ပြန်ဝင်လာတာဟာ အမေရိကန်နှံစားပြောင်းစိုက်ပျိုးထုတ်လုပ်သူတွေအတွက် လက္ခဏာကောင်းတစ်ခုပါ။ ကုန်သွယ်ရေးဆွေးနွေးမှုအတွက်လည်း နမိတ်ကောင်းတစ်ခုဖြစ်လာဖို့ မျှော်လင့်ပါတယ်ဟု ကန်းဆပ်ပြည်နယ် McPherson ကောင်တီမှ တောင်သူ Adam Baldwin ကပြောသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မတ်လ ၁ ရက်နေ့တွင် တရုတ်ကုန်စည်များအပေါ် အခွန်ပြန်စည်းကြပ်ရန် လျာထားချက်ကို ဆိုင်းငံ့ထားပြီး နှစ်နိုင်ငံဆွေးနွေးမှု တိုးတက်နေသည်ဟု တွစ်တာတွင် ရေးသားခဲ့သည်။ တရုတ်နှင့်ကုန်သည်ရေး ဆွေးနွေးမှုများ တိုးတက်လာသည့်အကြောင်းအပြင် ဩစတြေးလျ၌ နှံစားပြောင်း အထွက်နည်း ခဲ့ခြင်းကလည်း တရုတ်၏နောက်ဆုံးဝယ်ယူမှုကို အားပေးခဲ့နိုင်သည်ဟု Asam Baldwin ကပြောသည်။ "ဩစတြေးလျနှံစားပြောင်း အထွက်ကျတာကြောင့် တရုတ်က အမေရိကန်ဆီက ဝယ်လာတာလည်းဖြစ်ဖို့ များပါတယ်။ အမေရိကန်မှာက ရောင်းလိုအားများနေသလို ဩစတြေးလျဘက်မှာ သီးနှံသစ်မပေါ်မီ အမေရိကန် မှာက ထပ်မံရိတ်သိမ်းရဖို့ ရှိနေပါတယ်"ဟု Baldwin ကပြောသည်။ ၂၀၁၇ ခုနှစ်တွင် အမေရိကန်၏ နှံစားပြောင်းတင်ပို့မှုအနက် ၈၀ ရာခိုင်နှုန်းကို တရုတ်က ဝယ်ယူခဲ့သည်။ ဝယ်ယူမှုအများစုကို ဆောင်းဦးသီးနှံ ရိတ်သိမ်းပြီး နောက်ပိုင်းလများတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကန်းဆပ်ပြည်နယ်မှ အခြားတောင်သူတစ်ဦးဖြစ်သူ Stockton နှင့် အမျိုးသားနှံစားပြောင်း တောင်သူများအသင်း ဥက္ကဋ္ဌ Dan Atkisson တို့က လည်း ယခုသတင်းမှာ အမေရိကန်နှံစားပြောင်းတောင်သူများအတွက် အားတက်ဖွယ်ရာဖြစ်ကြောင်း ပြောသည်။ "ဒီလောက် ပမာဏအများကြီး ဝယ်ယူတာဟာ အမေရိကန်နှံစားပြောင်း တောင်သူတွေအတွက် သတင်းကောင်းတစ်ခုပါ။ အကြီးဆုံးဝယ်လက်နိုင်ငံနဲ့ ပြန်လည် ကုန်သွယ်နိုင်တဲ့အပေါ် ဝမ်းသာပါတယ်။ ဒါဟာနှစ်နိုင်ငံ အကြီးအကဲတွေရဲ့ တွေ့ဆုံမှုရလဒ်လို့ ယုံကြည်ပါတယ်"ဟု Atkission ကပြောသည်။ တရုတ်နိုင်ငံသည် အမေရိကန်နှံစားပြောင်းကို မွေးမြူရေး အစာနှင့် ယမကာထုတ်လုပ်ရာတွင် အသုံးပြုသည်။

Source: https://www.thefarmermedia.com/news/12605

### ပူပြင်းခြောက်သွေ့မှုကြောင့် နွေစပါးမစိုက်ရန် ကမ္ဘောဒီးယားတောင်သူများထံ ပန်ကြားထား

ကမ္ဘောဒီးယားနိုင်ငံတွင် အပူချိန်စံချိန်တင်မြင့်တက်ကာ ခြောက်သွေ့မှုဖြစ်ပေါ်နေသဖြင့် တောင်သူများ နွေစပါးစိုက်ပျိုးခြင်း မပြုရန် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ပန်ကြားလိုက်သည်။ ဧပြီလနှင့် မေလတို့တွင် အပူချိန်အမြင့်ဆုံး ရောက်နိုင်သဖြင့် ၎င်းကာလအတွင်း စပါးစိုက်ပျိုးခြင်းမပြုရန် အစိုးရမှပန်ကြားထားသည်ဟု သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန၏ အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ Neth Pheaktra u Phnom Penh Post သတင်းဌာနသို့ ပြောသည်။ ပုံမှန်အားဖြင့် ရေကြီးမှုပြဿနာကိုသာ ရင်ဆိုင်ခဲ့ရသော ကမ္ဘောဒီးယားနိုင်ငံတွင် ယခုအခါ ပြည်နယ် ၁၆ ခုအတွင်းရှိ မြို့နယ်များစွာတွင် ပျမ်းမျှအပူချိန်မြင့်တက်မှုကြောင့် ရေပြတ်လပ်မှုများ ဖြစ်ပေါ်နေသည်။ သဘာဝပတ်ဝန်းကျင်ဝန်ကြီး ဌာနသည် ခြောက်သွေ့မှုဒဏ်ခံရသော ဒေသများသို့ ဓာတ်မြေဩဇာနှင့် ရေပေးဝေနိုင်ရေး ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မဲခေါင်မြစ်၏ ရေအရင်းအမြစ်ကို စီမံနေသော မဲခေါင်မြစ်ကော်မရှင်ရုံးသည် အပူချိန်ထူးထူးကဲကဲမြင့်မားမှုနှင့် ကြုံနေရသည့် ကမ္ဘောဒီးယားအပါအဝင် အဖွဲ့ဝင်နိုင်ငံများထံ လိုအပ်သည့် ထောက်ပံ့ မှုပြုလုပ်ရန် အသင့်ရှိကြောင်းပြောသည်။

ကမ္ဘောဒီးယားတွင် ယခုနှစ်၊ ဧပြီလမှ မေလအတွင်း အပူချိန် ၄၀-၄၂ ဒီဂရီဆဲလ်စီးယက်အထိ မြင့်တက်ဖွယ် ရှိသည်ဟု သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်သည်။ အယ်နီညိုရာသီဥတုနှင့် ဆက်စပ်သော အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းခြင်းနှင့် ရေပြတ်လပ်ခြင်းအန္တရာယ်များရှိနိုင်သည်ဟု ဌာနကထုတ်ပြန်သည်။ ကမ္ဘောဒီးယား နိုင်ငံတွင် လယ်ယာမြေစုစုပေါင်း ၇၅ ရာခိုင်နှုန်း

ကို စပါးစိုက်ပျိုးလျက်ရှိပြီး ကမ္ဘာ့ဆန်ထုတ်လုပ်မှုအနက် သုံးရာခိုင်နှုန်းအား ပံ့ပိုးပေးနေသည်။ ၂၀၁၆ ခုနှစ် အယ်နီညိုဖြစ်ပွားစဉ်ကလည်း ကမ္ဘောဒီးယားနိုင်ငံ၌ ဆိုးရွားသည့်မိုးခေါင်မှု ကြုံခဲ့ရသည်။ Source: https://www.thefarmermedia.com/news/12600

## အိန္ဒိယ (သို့မဟုတ်) အမေရိကန် ကုန်သွယ်စစ်၏ ဒုတိယပစ်မှတ်

အမေရိကန်နှင့် အိန္ဒိယအကြား ကုန်သွယ်ရေးဆိုင်ရာတင်းမာမှုများ လအတန်ကြာဖြစ်ပွားပြီး နောက်ပိုင်းတွင် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က အခွန်မြင့်လွန်းသောတိုင်းပြည်ဟု ၎င်းခေါ်ဆိုထားသော အိန္ဒိယအပေါ် ကုန်သွယ်ရေး တင်းကျပ်မှုများ စလုပ်ရန် ပြင်ဆင်လာပြီ ဖြစ်သည်။ သမ္မတဒေါ်နယ်ထရမ့်မှ ကွန်ဂရက်လွှတ်တော်သို့ ပေးပို့သောစာထဲတွင် အမေရိကန်အစိုးရအနေဖြင့် နိုင်ငံထဲသို့ အကောက်အခွန်မဲ့ ဝင်ရောက်ခွင့် ရနေသော အိန္ဒိယထုတ်ကုန်များအပေါ် ပေးအပ်ထားသည့် ကုန်သွယ်မှုအထူးအခွင့်အရေး GSP အား အဆုံးသတ်ရန် ရည်ရွယ်ထားသည်ဟုဆိုသည်။ အဆိုပါစာထဲတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ကုန်သွယ်မှု အထူးအခွင့်အရေးအဖြစ် ပေးအပ်သည့် GSP ခံစားခွင့်ကို အိန္ဒိယနှင့် တူရကီနိုင်ငံတို့အား ဆက်လက် မပေးနိုင်တော့ကြောင်း ရေးသားထားသည်။ ထိုအပြောင်းအလဲမှာ အနည်းဆုံး ရက်ပေါင်း ၆၀ ကျော်မှ သက်ရောက်မှု ရှိမည် ဖြစ်သည်။ ထရမ့်၏ အစိုးရအဖွဲ့သည် ၎င်းတို့ ကိုယ်တိုင် ဗျူဟာမြောက် မိတ်ဖက်အဖြစ် လက်တွဲလာသည့် အိန္ဒိယနိုင်ငံကို ကုန်သွယ်ရေးမျှတမှု မရှိဟု ဆိုကာ ပထမဆုံးအကြိမ် တင်းကျပ်လာခြင်း ဖြစ်သည်။ ယခင်နှစ်ကလည်း တရုတ်နှင့် ကုန်သွယ်ရေးစစ်ပွဲကို ထရမ့်က စတင်ခဲ့ပြီး လတ်တလောတွင်မူ ပြေလည်မှု ရရန် ကြိုးပမ်းလျက်ရှိသည်။

အိန္ဒိယသည် အမေရိကန်ထုတ်ကုန်များအပေါ် မြင့်မားသော အခွန်အခများ ကောက်ခံနေသည်ဟု ထရမ့်က ပြစ်တင်ဝေဖန်ခဲ့ပြီး အိန္ဒိယနှင့် ကုန်သွယ်ရာတွင် အမေရိကန်သည် ၂၀၁၇ အတွင်း ကုန်သွယ်မှု လိုငွေ ဒေါ်လာ ၂၇ ဒသမ ၃ ဘီလျံအထိ ပြသခဲ့သည်ဟု အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ရုံးက ထုတ်ပြန်ထားသည်။ နှစ်ဖက် ကုန်သွယ်မှု တွင် အိန္ဒိယသည် အမေရိကန်သို့ GSP အထူးအခွင့်အရေးဖြင့် ဒေါ်လာ ၅ ဒသမ ၆ ဘီလျံတန်ဖိုးရှိ ကုန်ပစ္စည်းများကို တင်ပို့ခွင့်ရနေသော်လည်း အမေရိကန်ကုန်စည်များကိုမူ မြင့်မားသော အခွန် စည်းကြပ်မှုများ သတ်မှတ်ထားသဖြင့် ထရမ့်အစိုးရက အိန္ဒိယနှင့် ကုန်သွယ်ရေးသဘောတူညီချက်များကို ပြန်လည် သုံးသပ်ရန် စီစဉ်နေခြင်း ဖြစ်သည်။ လတ်တလောတွင်လည်း အိန္ဒိယနိုင်ငံသည် ၎င်း၏ ပဲမျိုးစုံအခြေခံဈေးသတ်မှတ်ချက် MSP ကိစ္စနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO ၏ စစ်ဆေးမှုကို ခံနေရသည်။ အမေရိကန်၊ ကနေဒါနှင့် သြစတြေးလျစသော ပဲပို့ကုန် နိုင်ငံများက အိန္ဒိယ၏ ပဲမျိုးစုံအခြေခံဈေးနှုန်းMSP သည် WTO သတ်မှတ်ချက်ထက် များစွာ မြင့်နေသည် ဟု စွပ်စွဲထားသည်။

Source: https://www.facebook.com/gromaxxmyanmar/

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ပြည်တွင်း၌လိုအပ်ချက်ရှိ၍ ပြည်ပမှ စားအုန်းဆီတင်သွင်းမှု ရပ်ဆိုင်းမည်မဟုတ်

အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီမှာ ပြည်တွင်း၌ လိုအပ်ချက်ရှိနေသောကြောင့် ပြည်ပမှတင်သွင်းမှုကို ရပ်ဆိုင်း သွားမည်မဟုတ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။



စားသုံးဆီအပါအဝင် ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်တို့မှာ ပြည်တွင်း၌ ဈေးနှုန်းအရ သာမက ဖူလုံမှုအရပါ အထိခိုက်မခံနိုင်သည့် အခြေခံစားသောက်ကုန်များဖြစ်သည့်အတွက် လိုအပ်ပါက ပြည်ပမှတင်သွင်းမှာဖြစ်ပါတယ်။ ထို့ပြင်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ပြည်ပမှတင်သွင်းဖြန့်ဖြူးသည့် အပိုင်း၌လည်း စားအုန်းဆီများအပေါ် ထိခိုက်နစ်နာမှုမရှိအောင် ဆောင်ရွက်မည် ဖြစ်ကြောင်း၎င်းက ဆက်လက်ပြောဆိုသည်။

စားအုန်းဆီကို မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ အများဆုံးတင်သွင်းလျက်ရှိပြီး အခြားနေကြာဆီကိုလည်း ပြည်ပမှ တင်သွင်း သုံးစွဲလျက်ရှိကာ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းစသည်တို့ကို ပြည်ပသို့ တင်ပို့လျက် ရှိသောကြောင့် ပြည်တွင်း၌ စားသုံးဆီ လိုအပ်ချက် ပိုမိုများပြားလာ၍ ပြည်ပမှ မဖြစ်မနေ တင်သွင်းနေရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ၏ စားအုန်းဆီလိုအပ်ချက်မှာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်နှစ်လျှင် ဆီတန်ချိန်တစ်သန်းခန့် လိုအပ်လျက် ရှိနေကြောင်း သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/foodlivestock/item/1732-

## အာလူးမျိုးများ ဖြန့်ဝေမှုစနစ် ထူထောင်ခြင်း စီမံကိန်း အပါအဝင်စီမံကိန်း သုံးခုကို စတင်ဆောင်ရွက်



အာလူးမျိုးများ ဖြန့်ဝေမှုစနစ် ထူထောင်ခြင်း စီမံကိန်းမှ ရောဂါကင်းရှင်းသော တစ်သျှူးအာလူးမျိုးများ ရရှိနိုင်ရန်အတွက် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း အပါအဝင် စီမံကိန်း ၃ ခုကို ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့( KOPIA) မှ အကူအညီများ စတင်ပေးနေပြီဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာနမှ သိရသည်။ ကိုရီးယား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (KOPIA)မှ ကူညီပေးမည့် စီမံကိန်း ၃ ခုမှာ အာလူးကဏ္ဍ အပါအဝင် ဂျုံအဓိက စိုက်ပျိုးသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့၏ဂျုံထုတ်လုပ်မှုတိုးတက်ရေးအတွက်အရည်အသွေးပြည့်မီသော

ဂျုံမျိုးများ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများကျင်းပခြင်း၊ ဆန်စပါးသီးနှံအတွက် ရိတ်သိမ်းချိန်လွန် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် စီမံကိန်းလုပ်ငန်း ၃ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) နှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က " တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ သီးနှံတွေအတွက် လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်မယ့် ရိတ်သိမ်းချိန်လွန် နည်းပညာတွေကို ရှာဖွေဖော် ထုတ်ဖို့လိုသလို အာလူးမျိုးများ ဖြန့်ဝေမှု စနစ်ထူထောင်ခြင်း စီမံကိန်းကနေ ရောဂါကင်းသော တစ်သျှုးမှ အာလူးမျိုးတွေ ရရှိဖို့အတွက် စနစ်တကျ ဆောင်ရွက်နိုင်တဲ့ နည်းပညာ ပိုင်းဆိုင်ရာ သင်တန်းတွေကို KOPIA မှ ကြီးကြပ်ကာ သင်ကြားပို့ချစေလိုတယ်။ အရည်အသွေးပြည့်မီသော ဂျုံမျိုးများ ဖြန့်ဖြူးတာနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့ နည်းပညာပေးသင်တန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်ပေးစေလိုတယ် " ဟု ပြောသည်။ လက်ရှိတွင် အာလူးနှင့် ပတ်သက်၍ ဟဲဟိုး၊ အင်းခေါင်း၌ Protected Houses များ ဆောက်လုပ်ကာ Hydrophonic Seed Potato Production စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လိုအပ်သော နည်းပညာများကို အောင်ပန်းခြံမှ မျိုးအာလူးသုတေသန လုပ်ငန်းကျွမ်းကျင်သူများမှ အကူအညီ ပေးစေခြင်းနှင့် KOICA မှProject Experts များအားလည်း လာရောက်ကာ အကူအညီပေးရန် လိုအပ်ကြောင်း သိရသည်။ ထို့ပြင် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်၊ အပင်မျိုးမွေးမြူရေး၊ ဇီဝကမ္မနှင့် ဂေဟဗေဒဌာနမှ ဂျုံသီးနှံနှင့် ပတ် သက်၍ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာသိပ္ပံ ကျောင်းသား/သူ အသစ်များကို လက်ခံပေးမည့် အစီအစဉ်များအား လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရာ၌ KOICA ဘက်မှ လိုအပ်သည့်နည်းပညာ သင်တန်းပေးခြင်း သုတေသနများကို ကိုရီးယားနိုင်ငံတွင် လုပ်ဆောင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ရလဒ်များရနိုင်မည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) နှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA) တို့အပြင် သက်ဆိုင်ရာဂန်ကြီးဌာန တာဂန်ရှိသူများ ပါဂင်သည့် ပူးပေါင်းဆောင်ရွက်မည့် စီမံ ကိန်း(၃) ခုနှင့် ပတ်သက်သည့် သုတေသန လုပ်ငန်းများအတွက် စီမံချက်များတင်ပြခြင်းနှင့် ညှိနှိုင်းဆွေးနွေး ခြင်းများကို မတ်လ (၅) ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။ Source: http://www.amiamyanmar.com/detail.aspx?id=6901

## မြန်မာ့မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်ရှိ

မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ဂျပန်နိုင်ငံရှိ ကုမ္ပဏီကြီးများ အပါအဝင် ဂျပန်လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာရန် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောသည်။ ရခိုင်ပြည်နယ် ငပလီကမ်းခြေတွင် ဖေဖော်ဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ ကျင်းပ ပြုလုပ်သည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ၂၀၁၉ တွင် ဂျပန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းအား လာရောက် တွေ့ဆုံခဲ့ကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ဖေဖော်ဝါရီလ ၂၄ ရက်က ကျင်းပပြုလုပ်သည့် ငါးမွေးမြူရေး လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲ၌ ယင်းကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ "ဂျပန်နိုင်ငံက လုပ်ငန်းရှင်တော်တော်များများက မိမိတို့နိုင်ငံရဲ့ livestock & fisheries ကဏ္ဍကိုတော်တော်လေး စိတ်ဝင်တစား ရှိပြီးတော့ သူတို့နိုင်ငံရဲ့ ဒုတိယအကြီးဆုံး၊ တတိယအကြီးဆုံးကုမ္ပဏီကြီးတွေကပါ ဝင်ရောက်ဖို့အတွက် တာဆူနေပြီဖြစ်ပါတယ်။ အဓိကကတော့ ပြည်တွင်းလုပ်ငန်းရှင်တွေနဲ့လည်း ဖြစ်ပေါ်လာမယ့် တိုးတက်မှုအခြေအနေ များနဲ့အတူလိုက်လျောညီတွေရှိအောင် အားထုတ်ကြိုးပမ်းဖို့ အသိပေးပြောကြားတာဖြစ်ပါတယ်" ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောသည်။



ပြည်တွင်းမှထုတ်လုပ်သော ငါးများကို ပြည်ပဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်ရန် ကောင်းမွန်သည့် မွေးမြူရေးကျင့်စဉ် (GAqP) ဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာကျင့်သုံး၍ မွေးမြူထုတ်လုပ်နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တောင်သူများကို သင်တန်းပေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိအမှတ်ပြု လက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ "ဂျပန်ကလည်း ကျွန်းနိုင်ငံဖြစ်တယ်။ ငါးကြိုက်တဲ့လူမျိုး ဖြစ်တယ်။ ဂျပန်ရဲ့ ငါးပုစွန်ဈေးကွက်ကလည်း အကြီးကြီးရှိတော့ မြန်မာပြည်ရဲ့ ငါးပုစွန်မွေးမြူရေးလုပ်ငန်းထဲမှာ ဂျပန်လူမျိုး တွေလာပြီးတော့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုလည်း ကျွန်တော်တို့က ဖိတ်ခေါ်နေတာပဲ။ ကျွန်တော်တို့ ဂျပန်တွေနဲ့ အများကြီး ဆွေးနွေးဖူးတယ်။ ကျွန်တော်တို့ဆီလာရင် ကျွန်တော်တို့ ကြိုဆိုမှာပဲ။ လိုအပ်တာတွေ ပိုင်းဝန်းပြီးတော့ ကူညီပါမယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးက ပြောသည်။ အသေးစားမွေးမြူရေးလုပ်ငန်းရှင်များအား အားပေး ကူညီရန်၊ ငါးမွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ကောင်းမွန်သောစနစ်၊ မူဝါဒများ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လာစေရန်၊ ငါးမွေးမြူရေးနည်းပညာများ ရရှိစေရန် ကူညီပံ့ပိုးမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ စနစ်တကျလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: https://www.facebook.com/agribusinessmedia1/

## ချင်းပြည်နယ်ထွက် စတော်ဘယ်ရီဈေးကောင်းရ၍ စိုက်ပျိုးသူများအဆင်ပြေ

ချင်းပြည်နယ်ဟားခါးမြို့နယ် ထန်တလန် ချွန်ကျုံးဒေသ စတော်ဘယ်ရီစိုက်ခင်းများမှ ထွက်ရှိသောစတော်ဘယ်ရီသီးများ ယခုနှစ် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ပြီးဈေးကောင်းရ၍ စတော်ဘယ်ရီ စိုက်ပျိုးသူများ ဝင်ငွေကောင်း

အဆင်ပြေလျက်ရှိကြောင်း ထန်တလန်မြို့ စတော်ဘယ်ရီစိုက်တောင်သူ ဦးဟင်နရီရှန်ဘစ်ကျုံးက ပြောဆိုသည်။ "ကျွန်တော်တို့ ချင်းတောင်မှာ စတော်ဘယ်ရီစိုက်ပျိုးနေတာကတော့ လွန်ခဲ့တဲ့နှစ် ၄၀၊ ၅၀ ဝန်းကျင်က စတင်စိုက်ပျိုးနေတာ ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်အခင်းတွေဖြစ်ပါတယ်။ အခုကတော့ ချင်းပြည်နယ်မှာနေရာအနှံ့ စိုက်ပျိုးမှုရှိနေပြီး ထွက်လာတဲ့ စတော်ဘယ်ရီသီး တွေကိုလည်း ဈေးကွက်ရှိရာတင်ပို့ ရောင်းချတာမျိုးရှိသလို ကျွန်တော်တို့ စတော်ဘယ်ရီစိုက်ခင်းမှာ လာပြီးဝယ်ယူတာတွေလည်း ရှိပါ တယ်။ အခု ကျွန်တော်တို့စိုက်ခင်းတွေမှာတော့ ဈေးကွက်ကိုသွားပြီးရောင်းချရတာ မျိုးမဟုတ်ပါဘူး။ စိုက်ခင်းမှာပဲ ထွက်ရှိသမျှ စတော်ဘယ်ရီသီးတွေ အကုန်ရောင်းနေရပါ တယ်"ဟု ၎င်းက ပြောဆိုသည်။

ချင်းပြည်နယ်တွင် စတော်ဘယ်ရီစိုက်ပျိုးမှုကို တီးတိန်မြို့နယ် သိုင်းငင်း၊ ဆိုဇန်၊ ဘန်းတဲ့ ဒေသများတွင် စိုက်ပျိုးမှု များပြီး ၂၀၁၅ခုနှစ်မှစတင်၍ ဖလမ်းမြို့နယ်တွင်လည်းကောင်း၊ ဟားခါးမြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ မင်းတပ်မြို့နယ်တို့တွင် အများအပြား စိုက်ပျိုးကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။ "ချင်းပြည်နယ်မှာ စိုက်ပျိုးတဲ့ စတော်ဘယ်ရီပင်တွေက မေမြို့ဘက်ကနေမှာယူပြီး စိုက်ပျိုးတာဖြစ်ပါတယ်။ အခုလေး၊ ငါးနှစ်အတွင်း တိုးချဲ့စိုက်ပျိုးမှုများပြားပါတယ်။ ထွက်ရှိလာတဲ့ စတော်ဘယ်ရီသီး တွေကို ကလေးမြို့ဈေးကွက်၊ ဂန့်ဂေါ၊ ပခုက္ကူ ဈေးကွက်တွေက ရသလောက်ဝယ်ယူမှုရှိပေမယ့် အခုတော့ ကျွန်တော်တို့ ဟားခါးမြို့နယ်မှာ ချွန်ကျုံးရွာက ထွက်တဲ့ စတော်ဘယ်ရီသီးဆိုရင် ရွာမှာလာဝယ်တဲ့သူရှိသလို ထန်တလန်ဘက်က စိုက်ခင်းတွေဆိုရင်လည်း စိုက်ခင်းမှာသွားဝယ်နေတဲ့ သူရှိတယ်။ အခုဆိုရင် ဟားခါးမြို့ဝန်းကျင်မှာလည်း စတော်ဘယ်ရီစိုက်ပျိုးသူ လေး၊ ငါးဦးရှိနေပြီဖြစ်တယ်"ဟု ၎င်းက ပြောဆိုသည်။ ချင်းပြည်နယ်ထွက် စတော်ဘယ်ရီသီးများမှာ အလုံးလှပြီးအရသာ ကောင်းမွန်သည့်အတွက် ဝယ်ယူသူများပြားလျက်ရှိရာ စတော်ဘယ်ရီစိုက်ခင်းတွင် စတော်ဘယ်ရီသီးတစ် ပိဿာကို ကျပ် ၅၀၀၀ဖြင့် အရောင်းအဝယ် ဖြစ်ကြောင်း သိရသည်။ ကလေးမြို့ဈေးကွက်နှင့် ဂန့်ဂေါ၊ ပခုက္ကူဈေးကွက်တွင် ချင်းတောင်ထွက် စတော်ဘယ်ရီသီး တစ်ပိဿာလျှင် ကျပ် ၈၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ "ကျွန်တော်တို့ ချင်းတောင်စတော်ဘယ်ရီ စိုက်ပျိုးရေးကအရင်းအနှီးများပါတယ်။ တစ်ဧကစိုက်ပျိုးစရိတ်ကျပ်သိန်း ၈၀ အထိ ကုန်ပါတယ်။ ကျွန်တော့်စိုက်ခင်းကတော့ ပြီးခဲ့တဲ့ ဩဂုတ်လက စတင်စိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်။ တစ်ဧကအပင် ၆၀၀၀ စိုက်ပါတယ်။ဇန်နဝါရီလကုန်ပိုင်းကစလို့ အသီးသီးပါတယ်။ပြုစုမှုကောင်းမွန်ရင် တစ်နှစ်ပတ်လုံး အသီးသီးပါတယ်။ အခုရက်ပိုင်းမှာ တစ်ရက်ငွေကျပ် နှစ်သိန်း ဝန်းကျင်အထိ ရောင်းရပါတယ်။ အခု လေးဧကလောက် စိုက်ပျိုးထား ပါတယ်"ဟု စတော်ဘယ်ရီ စိုက်ပျိုးသူတစ်ဦးက ပြောဆို သည်။



Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1754

## ပြည်တွင်းသကြားထုတ်လုပ်မှု တန်ချိန် ခုနစ်သိန်းခန့်ရှိလာနိုင်၍ ပြည်တွင်းစားသုံးမှုထက် ပိုလျှံနိုင်

ကြံစိုက်ပျိုးမှု တိုးတက်မြင့်မားလာခြင်းကြောင့် သကြားထုတ်လုပ်မှုတိုးတက်လာကာ ပြည်တွင်းသကြား ထုတ်လုပ်မှုထက်ပင် ပိုလျှံလာနိုင်ကြောင်း မြန်မာနိုင်ငံသကြား၊ ကြံလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဌက ပြောသည်။ "ဒီနှစ်မှာ ကြံစိုက်ပျိုးမှုတိုးတက်ခဲ့တော့ သကြားထုတ်လုပ်မှုတိုးတက်ခဲ့တယ်။ နောက်တစ်ခုက ပြည်ပကသကြားက လုပ်ငန်းသုံးရော၊ ပြန်လည်တင်ပို့ကုန်သကြားရော၊ မြဝတီဘက်က မှောင်ခိုဝင်ထားတဲ့ သကြားတွေရောရှိနေတယ်။ တရုတ်ကလည်း သကြားမဝယ်တော့ ဒီဟာတွေအကုန်လုံးက ပြည်တွင်းမှာ ပုံနေတဲ့သဘောပေါ့။ နောက်ပြီး ပြည်တွင်းထုတ်လုပ်မှုမှာလည်း ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ စစ်ကိုင်းက စက်တွေ ကြိတ်ခွဲမှုကလည်း ဧပြီကုန်လောက်အထိ ကြံတန်ချိန် ၁၄ သိန်းနဲ့ ၁၅ သိန်းစီလည်မယ်ဆိုရင် သကြားတန်ချိန် တစ်သိန်းခွဲထွက်လာမယ်။ နောက်ပြီး အခြားဒေသက ကြံကြိတ်တာရော တွက်မယ်ဆိုရင် စုစုပေါင်းသကြားတန်ချိန် ခုနစ်သိန်းလောက်ထွက်နိုင်တယ်။ ဒီပမာဏအတိုင်းဆိုရင် ပြည်တွင်းစားသုံးမှု ဖူလုံနိုင်တာပေါ့" ဟု ၎င်းကပြောသည်။

၂၀၁၈-၂၀၁၉ ကြံရာသီ ကြံစိုက်ပျိုးမှုမှာ ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်းကျော် ပိုမိုစိုက်ပျိုးထားခြင်းကြောင့် ကြံတန်ချိန် ပိုမိုထွက်ရှိလာခြင်း၊ တရုတ်ဝယ်ယူမှုမရှိခြင်းကြောင့် သကြားဈေးဆက်တိုက်ကျဆင်းလာကြောင်းလည်း သိရသည်။ လက်ရှိသကြား တစ်ပိဿာလျှင် ကျပ် ၁၀၁၀ မှ ၁၀၃၀ အထိသာရှိနေပြီး ကြံတစ်တန်ဈေးမှာ ကျပ် ၄၂၀၀၀-၄၃၀၀၀ မှ အများဆုံးကျပ် ၄၅၀၀၀ ခန့်ရှိနေ၍ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် တောင်သူများဈေးနည်းစွာ ရရှိနေကြောင်း၊ စက်ပိုင်များဘက်တွင်လည်း ကြံများတွင် အမြစ်များပါခြင်းနှင့် အမှုန်အမွှားများပါဝင်ခြင်းကြောင့် သကြားထွက်ရှိမှုနှုန်းကို ထိခိုက်လျက်ရှိနေကြောင်း သိရသည်။ "ပြည်တွင်း အချိုရည်နဲ့ ကော်ဖီမစ်တွေက ပြည်ပသကြားသွင်းပြီးသုံးကြတာဆိုတော့ အဲဒီပမာဏနတ်လိုက်ရင် ပြည်တွင်းမှာ ဖူလုံတာထက်များနေနိုင်တာပေါ့။ အခုတစ်နိုင်ငံလုံးမှာ ကြိတ်ခွဲတဲ့စက်ပေါင်း ၂၃ ခုရှိတယ်။ ဒီထဲမှာတင် တစ်ဝက်ကျော်လောက်က ကြိတ်ခွဲနေတုန်းဘဲ" ဟု ၎င်းက ပြောသည်။

ထို့ကြောင့် ယခုနှစ်အတွင်းကြံဈေးကျဆင်းမှုကြောင့် တောင်သူများအနေဖြင့် လာမည့်နှစ် ကြံစိုက် ရာသီတွင် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးလာနိုင်ကြောင်း သိရသည်။ ယခင်နှစ်ကြံအဖွင့်ဈေးနှုန်းမှာ စက်ရုံနှင့် ဒေသအပေါ်မူတည်၍ တစ်တန်လျှင် ကျပ် ၄၅၀၀၀ အထိရရှိခဲ့ကြောင်း နေပြည်တော်ရှိ ကြံစိုက်တောင်သူတစ်ဦးက ပြောသည် "ဒီနှစ်ကြံဈေးက မကောင်းဘူး။ တစ်ဧက အထွက်နှုန်းက ၁၇

တန်လောက်ထွက်တယ်။ နီးစပ်ရာ ကြံစက်ရုံသို့ သွားရောက်သွင်းရတဲ့ ကုန်ကျစရိတ်တွေ တက်လာတယ်။ ဒါ့ပြင် ခုတ်တဲ့အချိန်မှာ အလုပ်သမားရှားပါးတာကို ဖြေရှင်းနိုင်ဖို့ ရိတ်သိမ်းစက်တွေ အလုံအလောက်ရှိဖို့နဲ့ တစ်ဧကခုတ်ယူစရိတ်က နည်းမှလည်း တောင်သူတွေအတွက် ကျန်မှာဖြစ်တယ်" ဟု ၄င်းက ပြောသည်။ ကြံကြိတ်ခွဲလုပ်ငန်းရှင်များက ကြံတစ်တန် ဈေးပေးဝယ်ရာတွင် သကြားဈေးအပေါ်လိုက်၍ ဝယ်ယူကြခြင်း ဖြစ်ခြင်းကြောင့် ဈေးကွက်ပေါက်ဈေးအတိုင်း အချိန်မီလိုက်ပါဝယ်ယူသင့်ကြောင်း ၄င်းကပြောသည်။ လက်ရှိတွင် ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်က ပြည်ပနိုင်ငံများထက် မြင့်မားနေသလို တစ်ဧကအထွက်နှုန်းမှာ ၂၀ တန်ခန့်သာ အမြင့်ဆုံးထွက်ရှိခြင်းကြောင့် အထွက်နှုန်းမျိုးများ ရရှိစိုက်ပျိုးနိုင်ရန် ကူညီပေးခြင်း၊ ကြံများစက်ရုံသွင်းရာတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြုပြင်ပေးခြင်း စသည့်ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးရန်လိုအပ်ကြောင်းသိရပြီး ကြံစိုက်ပျိုး ထုတ်လုပ်သည့် နိုင်ငံအများစုတွင် တစ်ဧကအထွက်နှုန်း ၃၅ တန်ခန့်ထွက်ရှိကြောင်း သိရသည်။ လက်ရှိနယ်စပ်ဒေသထွက် ကြံနှင့်သကြားများကို တရုတ်ကဝယ်ယူပေးနေသလို တစ်ဖက်တွင်လည်း ဗီယက်နမ်၊ ဟောင်ကောင်၊ လာအိုနိုင်ငံများနှင့် ယှဉ်ပြိုင်ရောင်းချနေရကြောင်း သိရသည်။

ပြည်တွင်းကြံစိုက်တောင်သူများ၏ ထွက်ရှိကြံများရောင်းချရမှုကို မထိခိုက်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ တောင်သူများ ကိုယ်တိုင်ကြံချက်လုပ်၍ တန်ဖိုးမြှင့်ကုန်စည်ထုတ်လုပ်ကာ ဈေးကွက်အတွင်းရောင်းချနိုင်ရန် ပံ့ပိုးပေးရန်လိုအပ်နေကြောင်း လည်း သိရသည်။ သကြားထုတ်လုပ်သည့် လုပ်ငန်းများမှ ရောင်းချသော ကြံ၊ ကြံသကာ၊ ထန်းလျက်၊ သကြားနှင့် သကာရည်စားသောက်ကုန်ပစ္စည်းများ အရည်အသွေးတိုးတက်မြင့်မားလာပြီး ထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများ အကျိုးဖြစ်ထွန်းစေမည့် ဈေးကွက်ပေါ်ပေါက်လာစေရန် ဈေးကွက်ဖော်ဆောင်ရေး လိုအပ်နေသည်။ ထိုသို့တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော အရည်အသွေးမြင့် ကုန်ပစ္စည်းများ ထုပ်ပိုး၊ ဖြန့်ဝေ ရောင်းဝယ်ဖောက်ကားမှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ အထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ကြံစိုက်ပျိုးထုတ်လုပ်မှု ဧကပေါင်း လေးသိန်းကျော်ရှိပြီး ကြံတန်ချိန် ၁၀ သန်းကျော် ထွက်ရှိကြောင်း၊ ပြည်တွင်းရှိ သကြားစက်ရုံပေါင်း ၂၃ ရုံမှ သကြားဖြူ၊ သကြားညိုများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ Source: https://www.thefarmermedia.com/news/12590

# ပြည်ပကုန်သွယ်မှုသတင်း

## မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည် အမျိုးအစားကို တရုတ်နိုင်ငံက တင်သွင်းမှု ရပ်ဆိုင်း

မြန်မာနိုင်ငံမှ တင်ပို့နေသည့် ဆန်လုံးရှည် အမျိုးအစားကို တရုတ်နိုင်ငံက တင်သွင်းမှု ရပ်ဆိုင်းလိုက်ကြောင်း မန္တလေး- မူဆယ် ဆန်ကုန်သည်များထံမှ သတင်းရရှိသည်။ "တရုတ်ကုန်သည်တွေကပဲ ဆန်လုံးတို ပါမစ်ယူပြီး ဆန်ရှည်တွေ အိတ်သွတ်တင်နေလို့လား မသိဘူး။ နောက် ပြီးခဲ့တဲ့အပတ်က တို့နိုင်ငံကုန်သည်တွေကလည်း ဆန်ကွဲပါမစ်နဲ့ ဆန်တွေကို ဆန်ကွဲဖုံးသွား လို့ မိတယ်လို့ကြားတယ်။ အမှန်အကန်မလုပ်တော့ တရုတ်ဘက်ကပြန်ကိုင်တွယ်တဲ့ သဘောပေါ့။ အခု ဆန်လုံးရှည်တွေကို တရုတ်ကအသွင်းမခံတော့ဘူး။ သူတို့ရဲ့ တင်သွင်းခွင့်က ဆန်ကွဲ၊ ဆန်လုံးတို၊ ဆန်လုံးရှည် သက်သက်စီပါမစ်ယူရတာ။ အစိုးရကို အခွန် ဆောင်ရတာ



တန်ဖိုးချင်းမတူဘူး။ ဆန်ကွဲအခွန်ဆောင် ရတာက နည်းတယ်။ ဆန်လုံးရှည်က အခွန်မြင့်တယ်" ဟု မန္တလေးတိုင်းဒေသကြီး၊ ဆန်စပါးကုန်သည်များအသင်း၊ အတွင်းရေးမှူးက ဆိုသည်။

ယခုနှစ် နွေစပါးရာသီတွင် မြန်မာတောင်သူအများစုအနေဖြင့် ဆန်လုံးရှည်ကိုသာ အဓိကစိုက်ပျိုးထားခြင်းကြောင့် လက်ရှိနွေစပါး ပေါ်ချိန်တွင် တောင်သူများ အခက်အခဲများကြုံတွေ့လာနိုင်မည့် ဖြစ်သည့်အတွက် တာဝန်ရှိသူများ အနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် သွားရောက်တွေ့ဆုံ ညှိနှိုင်းမှုများ ပြုလုပ်ပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်ကို ဆန်တင်ပို့နေရာတွင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ ရောင်းချနေခြင်း ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့်မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့်တင်ပို့နေသည့်မြန်မာပို့ကုန်များအပေါ် မကြာခဏ စစ်ဆေးထိန်းချုပ်မှုများ ပြုလုပ်လေ့ရှိသော်လည်း၊ ယခုနှစ်တွင် စီမံချက်ချ၍ ပိုမိုတင်းကြပ် ဆောင်ရွက်ခဲ့သည်ဟု ကုန်သည်များက ဆိုသည်။ ဥရောပသမဂ္ဂ(EU) ကော်မရှင်မှလည်း ယခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့မှ စတင်ကာ မြန်မာနိုင်ငံမှ တင်ပို့နေ သည့် ဆန်လုံးရှည် အမျိုးအစားကို အခွန်ပြန်လည် ကောက်ခံရန် ဆုံးဖြတ်ခဲ့ပြီး ပထမနှစ်တွင် တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ယူရို ၁၅၀၊ တတိယနှစ်တွင် ၁၂၅ ယူရို စသဖြင့် နှစ်အလိုက် အခွန်နှုန်းထားများကို လျှော့ချ ကောက်ခံသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ ဆန်လုံးရှည်များကို အခွန်ဆောင်၍ ဥရောပသမဂ္ဂ(EU) နိုင်ငံများသို့ တင်ပို့မည်ဆိုပါက EU မှ လက်ရှိ သတ်မှတ်ထားသည့် အခွန်နှုန်းထားများကြောင့် ဒေသတွင်း ဆန်တင်ပို့နေသည့် အိမ်နီးချင်း နိုင်ငံများ၏ ဈေးနှုန်း၊ ထုပ်ပိုးမှု၊ အရည်အသွေး စသည်တို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည့်အတွက် တင်ပို့နိုင်ရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ကုန်သည်များက ဆိုသည်။ အလားတူ တရုတ်နိုင်ငံ၏ မြန်မာ့ဆန်လုံးရှည် တင်သွင်းမှု ပိတ်ပင်မှုကလည်း မြန်မာ့ဆန်လုံးရှည် ဈေးကွက်အတွက် ပိုမိုအခက်အခဲများ ဖြစ်ပေါ်လာစေသည်ဟု ကုန်သည်များက ဆိုသည်။ Source: http://amiamyanmar.com/detail.aspx?id=6924

## နိုင်ငံခြားသို့ မြန်မာကော်ဖီတင်ပို့မှု ယခင်နှစ်ထက် ၃ ဆ တိုးတက်လာခဲ့

မြန်မာနိုင်ငံ၏ နိုင်ငံခြားသို့ ကော်ဖီတင်ပို့မှုသည် ယခင်နှစ်တွေထက် ၂ ဆ၊ ၃ ဆ တိုးတက်လာကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း (ရန်ကုန်အစုအဖွဲ့)၏ ဥက္ကဋ္ဌ၏ ပြောပြချက်အရ သိရပါသည်။ "တိုးတက်လာတာ ကိန်းဂဏန်းတော့ သေချာမမှတ်မိဘူး။ ဒါပေမယ့်တိုးတက်မှုအရ ပြောရမယ်ဆိုရင် အများကြီး တိုးတက်လာတယ်လို့ ပြောလို့ရတယ်။ အရင်၊ အရင်နှစ် တွေတုန်းကထက်ဆိုရင် ၂ ဆနီးပါး၊ ၃ ဆ နီးပါး တိုးတက် လာတယ်။ ဟိုးအရင်တုန်းကဆိုရင် ကော်ဖီကို တင်ပို့တယ်ဆိုတာ ဈေးနှုန်းကောင်းကောင်း မရဘူး။ အခုကြတော့ ဈေးနှုန်းကို နိုင်ငံတကာတန်းတူ ရတယ်။ တစ်ချို့ကော်ဖီတွေဆိုရင် နိုင်ငံတကာ ထက်ပိုပြီး ရတာတွေ ရှိတယ်" ဟု ၄င်းက ဆိုပါသည်။

မတ်လ ၁၄ ရက်နေ့က ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ညဏ်ကြီးရှင် ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်း ရုံးချုပ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ပြည်သူများပါ ပါဝင်နိုင်သည့် ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲတွင် ပြောခဲ့ခြင်းလဲဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု ထုတ်လုပ်မှုအခြေအနေသည် အခြေအနေကောင်း ဖြစ်လာပြီး ရလဒ်ကောင်းများ ရရှိလာပြီဖြစ်ကြောင်း ညဏ်ကြီးရှင်ရှမ်းတောင်မြင့်ကော်ဖီလုပ်ငန်း ဒါရိုက်တာက ပြောပါသည်။ "ကျွန်တော်တို့က ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု နှင့်ပတ်သက်လို့ မြန်မာနိုင်ငံသည် အရမ်းကို အခြေအနေကောင်း ဖြစ်လာပါပြီဆိုတာ ပြချင်လို့လည်း ကျွန်တော်တို့ ဒီပွဲလေးလုပ်ဖြစ်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အမှတ် ၉၀ ကျော်ရဖူးတဲ့ ကော်ဖီတစ်ခါမှ မထွက်ဖူးပါဘူး" ဟု ၄င်းက ပြောခဲ့ပါတယ်။ ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲ တွင် ရှမ်းပြည်နယ်၊ ရှာင်မြို့နယ်မှထွက်ရှိသည့် ကော်ဖီစေ့နမူနာ ၅ မျိုးကို စင်ကာပူနှင့် ဟောင်ကောင်တို့မှ အကဲဖြတ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ ကော်ဖီမြည်းစမ်းမှု ကျွမ်းကျင်သူများက အကဲဖြတ်ခဲ့ကြပါတယ်။



ယနေ့ အကဲဖြတ်ပွဲတွင် Geisha၊ Pink Bourborn၊ Yellow Cattura၊ Red Cataui နှင့် Saramon စသည့် ကော်ဖီ ၅ မျိုးကို အကဲဖြတ် ခဲ့ပြီး Geisha မျိုးသည် အမှတ် ၉၀ ကျော် ရရှိကာ အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံခဲ့ရခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ကော်ဖီများသည် ကော်ဖီအဆင့်သတ်မှတ်ချက် အမှတ် ၈၀ နှင့်အထက်တွင် ရှိပြီး အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံသို့ အဓိကတင်ပို့နေပြီးလက်ရှိတွင်နိုင်ငံခြားတင်ပို့မှုလည်းတိုးတက်နေလျှက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရပါတယ်။

Source: http://www.logisticsguide.com.mm/en/industry-news/export-import/1674

## မြန်မာ့ကျွဲကောသီးကို ဝယ်ယူရန် ပြည်ပကမ်းလှမ်းမှုများရှိသော်လည်း လုံလောက်စွာ တင်ပို့နိုင်ခြင်းမရှိ

မြန်မာ့ကျွဲကောသီး ဝယ်ယူရန်အတွက် တရုတ်နိုင်ငံအပြင် စင်္ကာပူနိုင်ငံနှင့် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများမှ ကမ်းလှမ်းမှုရှိသော အရည်အသွေးကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းချက်များကြောင့် လုံလောက်စွာ တင်ပို့နိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့မှ သိရသည်။ လက်ရှိတွင် ကျွဲကော စိုက်ကေများ တိုးချဲ့စိုက်ပျိုးရန် လုပ်ဆောင်နေသလို မွန်ပြည်နယ် အစိုးရအဖွဲ့ထံမှ မြေနေရာ ရရှိရန် တောင်းဆိုထားခြင်းမှာ တစ်နှစ်ကျော် ဝန်းကျင်ကြာမြင့်သော်လည်း လက်ရှိအချိန်ထိ မြေရရှိခြင်းမရှိသေးကြောင်း သိရသည်။ "အဓိကတော့ တရုတ် ဝယ်လက်ကိုတောင် ကျွန်တော်တို့ မပေးနိုင်သေးဘူး။ အခြား နိုင်ငံတွေကလည်း ကမ်းလှမ်းပေမဲ့ စံချိန်စံနှုန်း တွေနဲ့ ပတ်သက်ပြီး သူတို့ သတ်မှတ်ထားတာ ကျွန်တော်တို့ ဆီမှာ ဘာမှမရှိဘူး။ အနည်းဆုံးတော့ GAP လက်မှတ်မရှိလို့မရဘူး။ အဲ့ဒါကြောင့် certificate မလိုတဲ့ တရုတ်နိုင်ငံတောင် မပေးနိုင်ဘူး ဖြစ်နေတယ်။ တရုတ်က ရမယ်ဆိုရင် များများလိုချင်တယ်။ စာချုပ်ချုပ်မယ်ပေ့ါ။ အနည်းဆုံးတော့ တစ်နေ့ကို ကွန်တိန်နာ ဘယ်နှစ်လုံးပေးနိုင်မလဲ။ တစ်ပတ်ကို ဘယ်နှစ်လုံးပေးနိုင်မလဲ။ တစ်လကို ကွန်တိန်နာ ငါးလုံးလောက် လိုချင်ပေမဲ့ ကျွန်တော်တို့ဆီမှာ အဲ့လောက် မရနိုင်ဘူး"ဟု မြန်မာနိုင်ငံ ကျွဲကောစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ ဥက္ကဋ္ဌက ပြောသည်။ ထို့အပြင် ပြည်တွင်း၌ ကျွဲကောစိုက်ပျိုးထုတ်လုပ်မှုသည် လွန်ခဲ့သော နှစ်နှစ်ဝန်းကျင်ကထက် ယခုနှစ်တွင် စိုက်ပျိုး ဧကတိုးချဲ့လာသော်လည်း ကျွဲကောစိုက်တောင်သူအချင်းချင်း ချိတ်ဆက်မှုမရှိခြင်းကြောင့် ကျွဲကောစိုက်ဧက မည်မျှ တိုးတက်လာသည်ကို စာရင်း အတိအကျ ကောက်ယူနိုင်ခြင်းမရှိကြောင်း သိရသည်။



မြန်မာတစ်နိုင်ငံလုံးတွင် ကျွဲကောစိုက်ဧက ခန့်မှန်းခြေ ဧက ၅၀၀၀ ဝန်းကျင်ရှိပြီး ပြည်တွင်းတွင် ကျွဲကောသီး မျိုးစိတ်ပေါင်း ၂၀ ကျော်အနက် ပန်းတစ်ကျွဲကောနှင့်ပျားကျွဲကောမျိုးစိတ်သာ ပြည်ပဈေးကွက်အများဆုံးရှိခြင်းကြောင့် အရည်အသွေးကောင်းမွန်သော သီးနှံများ ထွက်ရှိလာစေရန် စိုက်ပျိုးရေးနည်းစနစ်နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြု လက်မှတ်ရရှိရန် သင်တန်းများပေးသော်လည်း တောင်သူများအနေဖြင့် စိတ်ဝင်စားမှုအားနည်းနေသေးကြောင် း သိရသည်။ "ကျွန်တော်တို့ဆီမှာ လက်ရှိစိုက်ဧကခြံကများတယ်။ ဒါပေမယ့် အမျိုးအမည်များတော့ စိုက်ထားတဲ့ နှုန်းကလည်း မတူသလို သူတို့လိုချင်တဲ့ အမျိုးအစားက အများကြီးကြီးမရနိုင်ဘူး။ အဲ့ဒါအပြင် သူတို့လိုချင်တဲ့ မျိုးစိုက်ခြံတွေက ထွက်သမျှရဲ့ သီးနှံ ၅၀ ရာခိုင်နှုန်းကလည်း export တန်းဝင်မဟုတ်ဘူး။အပြင်ပန်းကအရည်အသွေးညံ့တယ်။ အထဲကအရသာဘယ်လောက်ပဲကောင်းကောင်း အပြင်ပန်း က အရည်အသွေး

ကောင်းဖို့လည်း လိုသေးတယ်။ စက်ာ ပူကလည်း လိုချင်တယ်။ အရှေ့အလယ်ပိုင်းဒေသ နိုင် တွေကလည်း လိုချင်ကြတယ်။ ဒါပေမဲ့ သူနိုင်ငံရဲ့ သက်ဆိုင်ရာ certificate ရှိမှ တင်ပို့ခွင့်ရမှာပါ။" ဟု ဦးမြင့်သိန်းက ပြောသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် လက်ရှိတွင် Global GAP လက်မှတ်မရှိသေးသော်လည်း Myanmar GAP ရ ရှိထားပါက Export တင်ပို့နိုင်မည့် အရည်အသွေးရှိသော စိုက်ပျိုးရေးခြံများ အများအပြားရှိလာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်းမှ စိုက်ပျိုးထုတ်လုပ်ရရှိသော ကျွဲ ကောသီးများကို နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံကိုသာ အနည်းငယ် တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး ပြည်တွင်းဈေး ကွက်အတွင်း၌သာ ရောင်းချနေရခြင်းဖြစ်ကြောင်း သိရ သည်။

လက်ရှိမြန်မာနိုင်ငံတွင် ကျွဲကောစိုက်ပျိုးရာ၌ အရည်အသွေးကောင်းသော မျိုးစိတ်တစ် ခုတည်းကို သီးသန့်စိုက်ပျိုးနိုင်ခြင်း မရှိဘဲ တောင်သူများအကြိုက် စိုက်ပျိုးခြံအတွင်း သီးနှံမျိုးစိတ် အမျိုးအစားလေးမျိုးလောက်ကို ထည့်သွင်းရောနှောစိုက်ပျိုးခြင်း မှာ အဓိကပြဿနာတစ်ခုဖြစ်ကြောင်း သိရသည်။ "Farme အလိုက် သီးသန့်မရွေးထုတ်နိုင်တာက ပြဿနာပါ။ ဥပမာ အန်တီတို့ ပြည်တွင်းက စိုက်တဲ့ ကျွဲကောသီးက အညာတစ်ခိုင်မှာ သုံးလုံး၊ နှစ်လုံးလောက် အသီးသီးတယ်။ သူတို့က international စံနှုန်းအတိုင်း အညာတစ်ခုမှာ အသီးတစ်လုံးပဲ သီးတာလိုချင်တယ်။ ဒါပေမဲ့ အန်တီတို့ဆီက တောင်သူတွေက မပယ်နိုင်ကြဘူး။ ပြီးတော့ သူတို့ပေးတဲ့ငွေကြေးနဲ့ ပြည်တွင်းက ထုတ်လုပ်တာနဲ့ကြတော့ နည်းနည်းလေးတွက်ခြေမကိုက်ဖြစ်နေတယ်။ အရင်ကျွဲကောအစုအဖွဲ့ ဥက္ကဋ္ဌဟောင်းက နှစ်နှစ်လောက်တော့ ပြည်ပစမ်းပို့သေးတယ်။ ဒါပေမယ့် international market သိချင်လို့သာ export လုပ်လိုက်တာ တွက်ချေမကိုက်ဘူး။ ဒါ့အဲ့ကြောင့် ပြည်တွင်းမှာပဲ **လုံလောက်အောင်** ဖြန့်ဖြူးလိုက်တယ်" ဟု ကျွဲကောစိုက်တောင်သူ ဒေါ်နန့်ကြူကြူသင်းက ပြောသည်။ ဖရဲ၊ သရက်၊ ကျွဲကောအပါအဝင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍမှာ အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ပါဝင်ခြင်းကြောင့် ယင်းမဟာဗျူဟာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် ပြည်တွင်းပို့ကုန်မြှင့်တင်နိုင် ရေးအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၅)နှစ်စီမံကိန်း သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကျွဲကောကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးလျက်ရှိပြီး ပြည်ပက လိုအပ်လျက်ရှိသည့် ကျွဲကောမျိုးများကိုလည်း စိုက်ပျိုးနိုင်သည့် ဒေသများသို့ ဖြန့်ဖြူးလျက်ရှိသည်။

Source: https://www.facebook.com/agribusinessmedia1/posts/309423986441561?__tn__=K-R

## မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေ

၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ လက်ဖက်ကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။



တရုတ်နိုင်ငံသို့တင်ပို့နိုင်ရန် စနစ်တစ်ခုသတ်မှတ်ပြီး ပင်ကြီးလက်ဖက်မျိုးများကို အဓိကတင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်း ပလောင် လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။ "ကျွန်တော်တို့က တရုတ်ပြည်ကိုပို့ဖို့ စနစ်တစ်ခုသတ်မှတ်ပြီးပို့မယ်။ ပင်ကြီးလက်ဖက်မျိုးကို တင်ပို့ သွားမယ်။ ကိုင်းဖြတ်ပြီးတင်ထားတဲ့ လက်ဖက်မျိုးတော့ မဟုတ်ဘူး။ လက်ဖက်မျိုးတွေရွေးချယ်ပြီး တရုတ်ပြည်ကို တင်ပို့ဖို့ စီစဉ်နေပါတယ်"ဟု ပလောင်လက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ အတွင်းရေးမှူးက ပြောသည်။

မြန်မာ့လက်ဖက်ကို တရုတ်နိုင်ငံသာမက ပြင်သစ်နိုင်ငံအထိ တင်ပို့သွားမည် ဖြစ်ပြီး၊ လက်ဖက် တစ်ပိဿာလျှင် ၁၅၀၀၀ကျပ်မှ ၂၀၀၀၀ ကျပ်အထိ ဈေးနှုန်းရရှိလာစေရန်၊ စီစဉ် လုပ်ဆောင်သွားမှာဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာ အနေဖြင့် လက်ဖက်စိုက်ဧက စုစုပေါင်း ၂၂၀၀၀၀ ကျော်ရှိ ကြောင်း၊ ပလောင်လက်ဖက်စိုက်ပျိုး ထုတ်လုပ် ရောင်းချသူများ အသင်းမှ သိရပါတယ်။ Source:https://www.facebook.com/agribusinessmedia1/posts/309423986441561?

## ပြည်တွင်းထောပတ်သီး အမေရိကန်မှဝယ်ယူရန် ကမ်းလှမ်းသော်လည်း လက်ခံနိုင်ခြင်းမရှိသေးဟုဆို

မြန်မာနိုင်ငံမှ ထောပတ်သီးများအနက် ချင်းHass အမျိုးအစား ထောပတ်သီးကို အမေရိကန်မှ ဟတ်တာ ၂၀၀ (၄၉၄ ဧက) အကျယ်အဝန်းတွင် စိုက်ပျိုးသည့်ပမာဏခန့် ဝယ်ယူရန်ကမ်းလှမ်းထားသော်လည်းတင်ပို့ ရောင်းချရန် လက်ခံနိုင်ခြင်းမရှိသေးကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ များအသင်းမှ သိရသည်။



"အမေရိကန်ကို တင်ပို့ဖို့က G to G အရင် မညှိရသေးဘဲ မလုပ်ရဲသေးတာရယ်၊ နောက်တောင်သူတွေအဆင်သင့်မဖြစ်သေးလို့ လက်မခံသေးပါဘူး။ အခြား ကမ္ဘောဒီးယား ကိုလည်းပို့သလို ဟောင်ကောင်ကို ၆၀၀ ဂရမ် အရွယ်အစား အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဈေးနဲ့ပို့ပါတယ်။ ဈေးကွက်တုံ့ပြန်မှု အရမ်းကောင်းပေမယ့် သူတို့လိုချင်တဲ့မျိုး ကျွန်မတို့ဆီမှာ ကွန်တိန်နာတစ်လုံးအပြင် မရှိသေးဘူး" ဟု အဆိုပါအသင်းအတွင်းရေးမှူးကပြောဆိုသည်။ ထောပတ်သီးများအား ပြည်ပမှအဝယ်လိုက်နေသော်လည်း မျိုးခွဲပြဿနာများ ရှိနေသည့်အတွက်

ဈေးကွက်ဝင်အဆင့်ကို မရောက်နိုင်ဘဲဖြစ်နေကြောင်းသိရသည်။ ထို့ကြောင့် ပြည်တွင်း၌ တစ်နှစ်လျှင် ထောပတ်သီးတန်ချိန် တစ်သိန်းခန့်ထွက်သော်လည်း တန် ၈၀၀ ခန့်သာ ပြည်ပသို့ တင်ပို့နိုင်သေးကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ( ရှမ်းပြည်နယ် တောင်ပိုင်း) မှအဖွဲ့ဝင်ကပြောဆိုသည်။ "ထောပတ်သီးဈေးကွက်ကို အိမ်နီးချင်းနိုင်ငံတွေက စိတ်ဝင်စားတယ်။ ဈေးကွက်မှာလည်း ဈေးကောင်းရတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ထောပတ်သီးမျိုး အများကြီးထွက်နေပေမယ့် မျိုးမခွဲရသေးတော့ အခက်အခဲရှိတယ်။ မျိုးခွဲ ပြီးရင်တော့ အခုထက်ပိုပြီး တင်ပို့နိုင်မှာပါ" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။ အသင်းအနေဖြင့် ဈေးကွက်ဝင် ထောပတ်သီးမျိုးများအား ၂၀၁၅ ခုနှစ်ကတည်းက သုတေသန ပြုလုပ်ထားရာ လာမည့်ရာသီ (ထောပတ်သီးပန်းပွင့်ချိန်)ကို စောင့်ကြည့်၍ လာမည့်နှစ် ဧပြီလ ခန့်တွင် စာအုပ်ထုတ်ပေးမည် ဖြစ်ကြောင်းသိရသည်။ ထောပတ်သီးကို ပြည်ပတင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ ရာခိုင်နှုန်း ၉၀ ကျော် တင်ပို့ရောင်း ချနေရခြင်းဖြစ်ပြီး တရုတ်၊ ဟောင်ကောင်၊ ကမ္ဘောဒီးယားနိုင်ငံများသို့လည်း တင်ပို့မှုရှိကြောင်းနှင့် ထောပတ်သီးတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၂၀၀ မှ ၁၅၀၀ အကြား ဈေးရရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ထောပတ်သီးစိုက်ဧက ၃၀၀၀ ဝန်းကျင်ရှိပြီး အဓိကအားဖြင့် ရှမ်း ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ စိုက်ပျိုးထုတ်လုပ်သလို Hass၊ Reed၊Zutano၊ Fuerte၊ Bacon၊ Lamb-hass တို့ စိုက်ပျိုးထုတ်လုပ် လျက်ရှိကြောင်း သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1766-avocado.html?

## တရုတ်ဈေးကွက်တွင် နနွင်းဝယ်လိုအား ကောင်း၍ စိုက်ပျိုးသူများ အဆင်ပြေ

ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများမှ ထွက်ရှိသော နနွင်းတက်များကို ယခုအခါ တရုတ်ဈေးကွက်သို့ အပတ်စဉ် ပိဿာချိန် နှစ်သောင်းခန့် တင်ပို့နေရသောကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ တောင်ပေါ်ဒေသများ၌ နနွင်းတက်များအား နှစ်စဉ်တန်ခူးလနှင့်ကဆုန်လတို့တွင် စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် စတင်တူးယူရောင်းချကြခြင်းဖြစ်ကြောင်း ဆင်ဂွေကျေးရွာရှိ နနွင်းတက်အဝယ်ဒိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ "ကျွန်တော်တို့ဝယ်တော့ တောင်ပေါ်တက်ဝယ်ရတာ လိပ်သိုမြို့နယ် ထဲမှာရှိတဲ့ရွာတွေအားလုံး စိုက်ကြတယ်။ နနွင်းတက်ကို အစိုရောင်းတာလည်းရှိတယ်။



အခြောက်လှန်းပြီး လာရောင်းတာလည်းရှိတယ်။ အစိုဆိုရင်တော့ တစ်ပိဿာကို ငွေကျပ် ၃၅၀၊ အခြောက်ဆိုရင်တော့ ငွေကျပ် ၂၅၀၀ ဈေးပေါက်တယ်။ ဒီကိုရောက်လာတဲ့ နနွင်းတက်အစိုအိတ်တွေကို တော့ နေ့စား ၁၅ ယောက်လောက် ငှားပြီး ရေဆေးနွှဲပြုတ်၊ နာရီဝက်လောက်နေ ပြန်ဆယ်အခြောက်လှန်း လုပ်ရတယ်" ဟု လုပ်ငန်းလုပ်ကိုင်သူဦးရွှေ ကပြောသည်။ ဒေသမှထွက်ရှိသည့် နနွင်းတက်ခြောက်များကို ရွှေလီမြို့ရှိ အဝယ်ဒိုင်များမှ တိုက်ရိုက်လာရောက်ဝယ်ယူခြင်းဖြစ်ပြီး တစ်ပတ်တစ်ခါ တောင်ငူနှင့် ရေတာရှည်မြို့တို့မှ နနွင်းတက် ပိဿာချိန် နှစ်သောင်းခန့် ဝယ်ယူလျက် ရှိကြောင်း သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1759

# အထူးဆောင်းပါးများ

## ဆီစက်တစ်လုံး လုပ်ငန်းရပ်လိုက်ရတိုင်း သင့်မှာ ရောဂါတိုးပွားလာနေသည်ကို ဂရုပြုကြပါ

မြန်မာ့လူအဖွဲ့အစည်းအတွင်း လူဦးရေတိုးတက်လာမှုနှင့်အတူ လူတစ်ဦးချင်း ဆီစားသုံးမှုသည်လည်း နှစ်စဉ် တိုးတက်လာလျက်ရှိရာ သန့်ရှင်းသော၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီဖူလုံရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာပေသည်။ ပြည်တွင်း၌ လူတစ်ဦးတစ်နှစ်လျှင် စားသုံးဆီခြောက်ပိဿာခန့် ပျမ်းမျှသုံးစွဲလျက်ရှိရာ လူဦးရေ သန်း ၅၀ ကျော်အတွက် တစ်နှစ်လျှင် စားသုံးဆီတန်ချိန်အနည်းဆုံး ၅ ဒသမ ၆ သိန်း လိုအပ်ချက်ရှိနေ သည်။ သို့သော် လက်တွေ့တွင် ပြည်တွင်းထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင်စားသုံးဆီ တန်ချိန် လေးသိန်း ဝန်းကျင်သာ ထုတ်လုပ်နိုင်ခြင်းကြောင့် ဆီထွက်သီးနှံဖူလုံရေးဆိုသည်မှာ များစွာကြိုးပမ်းရမည့် အခြေအနေပင်။ ထိုသို့ ပြည်တွင်းစားသုံးရန် လိုအပ်ချက်မြင့်မားမှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်ပမှနှစ်စဉ်တန်ချိန် ခြောက်သိန်းခန့် (အမေရိကန်ဒေါ်လာသန်း ၅၀၀ မှ သန်း ၇၀၀ ခန့်) ကုန်ကျခံ တင်သွင်းနေရ သော်လည်း အများဆုံးတင်သွင်းကုန်မှာ စားအုန်းဆီသာဖြစ်နေ၍ သန့်ရှင်းသော ကျန်းမာရေးနှင့် ညီညွတ်သည့်ဆီများ စားသုံးနိုင်ရေးသည် မြန်မာလူထုအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်နေ သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအဓိကအားထားသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း စားသုံးဆီ (ဆီထွက်သီးနှံ) ဖူလုံရေးသည် အိပ်မက်တစ်ခုအဖြစ်သာရှိနေသေးကြောင်း ကုန်သည်များက ပြောသည်။ ဆီထွက်သီးနှံကေပေါင်းများစွာ ကိုယ်တိုင်စိုက်ပျိုးနေသည့် တောင်သူများပင်လျှင် "အိုးသည်အိုးကောင်း မသုံးရ" ဆိုသည့်စကားပုံအတိုင်း မိမိလယ်မှထွက်ရှိသည့် ဆီထွက်သီးနှံတို့ရောင်းချ၍ ဈေးကွက်အတွင်းမှ မသန့်စင်သောဆီများကို ပြန်လည်ဝယ်ယူသုံးစွဲနေရသည်။ မြန်မာ့လယ်ယာမြေမှ ထွက်ရှိသည့် ဆီထွက်သီးနှံတို့မှာ ပြည်ပသို့ကုန်ကြမ်းအတိုင်းသွားနေကာ ပြည်ပမှပြန်လည်ရောနှော ကြိတ်ခွဲတင်သွင်းလိုက်သော စားသုံးဆီများကိုသာ

ပြန်လည်ဝယ်ယူစားသုံးနေရသည့် အနေအထားကြောင့် နောက်ဆက်တွဲ ကျန်းမာရေးကို ထိခိုက်လာလျက်ရှိနေကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောသည်။ "မြန်မာနိုင်ငံမှာ သန့်စင်တဲ့စားသုံးဆီကို လက်လှမ်းမမီတဲ့လူဦးရေ ၉၀ ရာခိုင်နှုန်း ကျော်ရှိနေတယ်။ ဈေးကွက်ထဲမှာရှိနေတဲ့ ဆီအများစုဟာ ဓာတုအနံ့ပေးထားတဲ့ မသန့်စင်တဲ့ ရောနှောဆီတွေသာ ဖြစ်နေတယ်။ ဒါတွေကို အစကတည်းက ကြပ်မတ်ဆောင်ရွက်ခြင်းမလုပ်နိုင်ရန် လူဦးရေ ၈၀ ရာခိုင်နှုန်း ရှာထားတဲ့ ပိုက်ဆံတွေဟာ ဆေးရုံ၊ ဆေးခန်းမှာဘဲ ပြန်ကုန် ရတော့မယ့် အခြေအနေပါ" ဟု ၄င်းကပြောသည်။

လက်ရှိ မြန်မာပြည်သူတို့ စားသုံးနေရသည့် ပြည်ပမှတင်သွင်းလာသည့် ဆီအမျိုးမျိုးမှာ ဓာတုအနံ့ပေးထားသည့် ဆီများသာ ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ပဲဆီ၊ နမ်းဆီ သန့်သန့်စားသုံးနိုင်မှုမှာ လူဦးရေ၏ ငါးရာခိုင်နှုန်းအောက်သာ ရှိနေခြင်းကြောင့် ရေရှည်တွင် ကျန်းမာရေးထိခိုက်လာကာ ပြည်သူ့ကျန်းမာရေးကို များစွာခြိမ်းခြောက်လာနိုင်ကြောင်း ကျွမ်းကျင်သူများကပြောသည်။ ဆီထွက်သီးနှံ ကုန်ကြမ်းဈေးတက်ခြင်း၊ ရောနှောဆီနှင့်စားအုန်းဆီများ ပြည်ပမှတရားမဝင် ဝင်ရောက်နေခြင်းတို့ကြောင့် ပြည်တွင်း ဆီစက်လုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့်သည် အရှုံးနှင့်ရင်ဆိုင်နေရပြီး လုပ်ငန်းများ ရပ်ဆိုင်းရလျက်ရှိကြောင်း ဆီစက်လုပ်ငန်းရှင် များထံမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ယခင်ကဆီစက်ရုံအလုံးပေါင်း ၃၀၀၀ ကျော်ရှိသော်လည်း ၂၀၁၇ ခုနှစ် အတွင်း လုပ်ငန်းများ ပိုမိုအရှုံးပေါ်လာကြသောကြောင့် လက်ရှိတွင်  ဆီစက်အလုံးပေါင်း ၃၀၀ ခန့်သာ လုပ်ငန်းလည်ပတ်နိုင်တော့ကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ အတွင်းရေးမှူးက ပြောသည်။ "ဆီစက်လုပ်ငန်းတွေ ၂၀၁၆ ခုနှစ်ကတည်းက စတင်ရပ်ဆိုင်းလာတာပါ။ ဒါပေမယ့် ၂၀၁၇ ခုနှစ် ကျမှပိုပြီးဆိုးဆိုး ရွားရွားဖြစ်လာတာ။ လုပ်ငန်းလည်ပတ်နိုင်တဲ့ ၁၀ ရာခိုင်နှုန်းမှာတောင် ပဲဆီက ၇ ရာခိုင်နှုန်း၊ နမ်းဆီက သုံးရာခိုင်နှုန်း လောက်ဘဲရှိတော့တယ်။ ဈေးကွက်မှာ တရားသော ယှဉ်ပြိုင်ရောင်းချ နိုင်မှုမရှိတဲ့အတွက် ရောင်းအား ကျသွားပြီးတော့ ထုတ်လုပ်မှုတွေ ရပ်ဆိုင်းနေရတာပါ"ဟု ၄င်းက ပြောသည်။ ထိုကဲ့သို့ တရားမဝင် ဝင်ရောက်မှုများနှင့် ရောနှောဆီ လုပ်ငန်းများကို ထိထိရောက်ရောက် အရေးယူရန်အတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ထွက်ရှိပြီးဖြစ်သော်လည်း ဈေးကွက်အတွင်းရှိ ထိန်းသိမ်းမှုနှင့် အရေးယူမှုများကို ထိရောက်စွာမဆောင်ရွက်နိုင်သေးကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိကဆီထွက်သီးနှံများမှာ နမ်းမျိုးစုံ၊ မြေပဲမျိုးစုံနှင့် နေကြာတို့ဖြစ်ပြီး  ပြည်တွင်း စိုက်ပျိုးမြေ၏ ၁၆ ရာခိုင်နှုန်းကို ဆီထွက်သီးနှံများ စိုက်ပျိုးနေခြင်းဖြစ်သည်။ ဆီထွက်သီးနှံထဲမှ  နမ်းမျိုးစုံ စိုက်ပျိုးမှုမှာတစ်နှစ်လျှင် ဧက တစ်သန်းကျော်စိုက်ကာ တန်ချိန် ၁၀ သိန်းကျော်ထွက်ရှိကြောင်းသိရသည်။ နမ်းသည် ဆီထွက်သီးနှံစုစုပေါင်း စိုက်ဧက၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းရှိနေသည်။ နမ်းကို ပြည်ပနိုင်ငံပေါင်း ၁၂ ခုသို့ နှစ်စဉ်တင်ပို့လျက်ရှိနေပြီး ဈေးကွက်ဝေစုတွင်လည်း ၁၀ ရာခိုင်နှုန်းကျော်ရရှိထားပြီး တရုတ်၊ ဂျပန်၊ ဥရောပ နိုင်ငံများသို့ အဓိကထားတင်ပို့နေသည်။ ထိုသို့ပြည်ပကို ကုန်ကြမ်းတိုင်းတင်ပို့မှု မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ မွေးမြူရေးအစာ ကုန်ကြမ်းများအတွက် အချက်အခဲဖြစ်လာကြောင်း မြန်မာနိုင်ငံ ငါး၊ ပုစွန်အစာထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌက ပြောကြားသည်။ "တစ်နိုင်ငံလုံးမှာ ဆီထွက်နိုင်တဲ့အားက ၁၀ ရာခိုင်နှုန်းလောက်ဘဲရှိတော့တယ်။ အဲ့ဒါကြောင့် မွေးမြူရေး အစာကုန်ကြမ်းဖြစ်တဲ့ ပဲဖတ်၊ နမ်းဖတ်တွေကိုလည်း ဆီစက်တွေက မကြိတ်နိုင်တော့ဘူး။ ပြည်ပကနေ ဈေးကြီးပေးဝယ်နေရတယ်။ ပဲဖတ်၊ နမ်းဖတ်ဈေးကတော့ ထပ်တက်ဖို့ဘဲ ရှိတော့တယ်"ဟု ၄င်းကပြောသည်။

ထို့အတူ ဆီထွက်သီးနှံထဲမှ မြေပဲစိုက်ဧကမှာ ၂၆ ရာခိုင်နှုန်းရှိနေပြီး မန္တလေးတိုင်းဒေသကြီးတွင် တစ်နိုင်ငံလုံး စိုက်ဧက၏ ၂၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ မြန်မာနိုင်ငံသည် မြေပဲစိုက်ပျိုးထုတ်လုပ်မှု ဆဋ္ဌမမြောက် နိုင်ငံဖြစ်လာပြီး ပြည်ပနိုင်ငံများသို့ တင်ပို့နေသည်။ "ဆီထွက်သီးနှံတွေအတွက် တောင်သူတွေ အဓိကလိုအပ်နေတာက အရည်အသွေး မီမျိုးစေ့ ရရှိနိုင် ဖို့ဖြစ်တယ်။ အထွက်နှုန်းကောင်းတဲ့ မျိုးတွေ စိုက်နိုင်မှစိုက် ကုန်ကျစရိတ်တွေကာမိစေပြီးတော့ စီးပွားဖြစ်လာနိုင်မှာဖြစ်သလို တစ်ဘက်မှာလည်း ပြည်တွင်းဆီစားသုံးမှုနဲ့ ပြည်ပတိုးတက်တင်ပို့ဖို့ အထောက်အကူပြုလာမှာဖြစ်တယ်"ဟု မန္တလေးတိုင်းဒေသကြီးမှ မြေပဲနှင့် ပဲမျိုးစုံကုန်သည်တစ်ဦးက ပြောသည်။

မြေပဲအများဆုံးစိုက်ပျိုးရာ တိုင်းဒေသကြီးများတွင် တောင်သူများမှ စံပြစိုက်နှင့် ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးလိုပါက မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းသို့ ဆက်သွယ်အကူအညီတောင်းနိုင်ကြောင်း အသင်းမှကြေညာထားသည်။ ထိုသို့ မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံ အလိုက် စိုက်ပျိုးမှု၊ ထွက်ရှိမှု ပြည်ပတင်ပို့မှုအလိုက် စာရင်းများအရ ပြည်တွင်းစားသုံးမှု လုံလောက်စေနိုင်သော စိုက်ပျိုးနိုင်သည့် မြေဧရိယာပမာဏရှိသည်ကို တွေ့ရှိသော်လည်း လက်တွေ့တွင် စားသုံးဆီ မလုံလောက်သော အခြေအနေများကြောင့် ပြည်ပမှ တင်သွင်းလာသည့် ဆီများကို အားထားစားသုံးနေရမှုက စိုက်ပျိုးနိုင်ငံတစ်ခုဖြင့် ရပ်တည်နေသည့် နိုင်ငံတစ်ခုအနေဖြင့် ပြန်လည် သုံးသပ်ရန် လိုအပ်နေပြီး ဆီထွက်သီးနှံစီမံကိန်းများ အဆင့်ဆင့်ပုံဖော်၍ ပြည်သူတို့သန့်ရှင်းသော၊ ကျန်းမာရေး နှင့်ညီညွတ်သော ပြည်တွင်းထုတ် စားသုံးဆီများ ဖူလုံလာစေရန် အထူးအရေးပေး ပုံဖော်သင့်ကြောင်း ဆီထွက်သီးနှံကုန်သည်များကပြောသည်။

မြန်မာနိုင်ငံ၏ဆီစားသုံးမှုတွက်ချက် စာရင်းများအရ နှစ်အလိုက်ကွာခြားမှုအဖြစ် ၁၉၇၅ ခုနှစ်တွင် လူတစ်ဦးချင်း ဆီစားသုံးမှုနှုန်း သုံးပိဿာနှင့် ၈၀ ကျပ်သားဖြစ်လာကာ ထို့နောက် ၂၀၁၂ ခုနှစ် နောက်ပိုင်း မှစ၍ လူတစ်ဦးချင်း ဆီစားသုံးမှုနှုန်း ၅ ဒသမ ၆ ပိဿာ

ဖြစ်ပြီး စားသုံးဆီခြောက်သိန်းနှင့် အစားအသောက်နှင့် စက်မှုလုပ်ငန်းသုံးပေါင်းလိုက်ပါက တန်ချိန် တစ်သန်းခန့်လိုအပ်ကြောင်း သိရသည်။

ပြည်တွင်းမှ ပဲဆီထုတ်လုပ်နိုင်မှုသည် တန်ချိန် သုံးသိန်းခန့်၊ နှမ်းဆီ၊ နေကြာဆီအပါအဝင် အခြားဆီထုတ်လုပ်နိုင်မှုသည် တန်ချိန် တစ်သိန်း၊ စုစုပေါင်းတန်ချိန် လေးသိန်း ခန့်သာထုတ်လုပ်နိုင်၍ ပြည်ပမှနှစ်စဉ် တန်ချိန် ခြောက်သိန်း ခန့်တင်သွင်းနေရခြင်းဖြစ်သည်။ လက်ရှိတွင်လည်း စားအုန်းဆီသည် ပြည်တွင်း ဆီဈေးကွက်၏ ၉၇ ရာခိုင်နှုန်းနီးပါးကို ရယူထားသည်။ "မြန်မာနိုင်ငံမှ ဆီထွက်သီးနှံကဏ္ဍက အရေးပါပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဆီစားသုံးမှု အင်မတန်များတဲ့နိုင်ငံဖြစ်လို့ပါဘဲ။ ပြည်တွင်းဖူလုံအောင်ဆိုပြီး တော့ ဆီထွက်သီးနှံတင်ပို့မှုကို ပိတ်လိုက်တယ်။ အဲ့ဒီတော့ ဘာဖြစ်သွားလဲဆိုတော့ စိုက်ကိုမစိုက်ကြတော့ဘူး။ အဲ့ဒီတော့ အဲ့ဒီနည်းလမ်းဟာလည်း မဟန်ဘူးပေ့ါ။ အခုပြန်ဖွင့်ပေးတယ်။ ဆီထွက် သီးနှံထုတ်လုပ်မှုတိုးတက်လာရင် အများကြီး အကျိုးကျေးဇူးရှိပါတယ်။ ဈေးကွက်ကလည်းရှိပြီးသားပါ။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်မယ်။ နိုင်ငံခြားငွေယိုပေါက်ကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာ့ဆီထွက်သီးနှံထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက် အားနည်းချက်များသည် ဆီအုန်းကဲ့သို့ ထုတ်လုပ်မှုပမာဏ များပြားသော သီးနှံမဟုတ်ခြင်း၊ စိုက်ပျိုးစနစ်၊ နည်းပညာနှင့်အခြားရင်းနှီးမြှုပ်နှံမှုများ မထည့်သွင်းနိုင်ခြင်းတို့ကြောင့် အထွက်နှုန်းနည်းခြင်း၊ ထွက်ရှိသောသီးနှံများကို လေလွင့်မှုမရှိအောင် ထိန်းသိမ်းနိုင်မည့် နည်းစနစ်နှင့် သိုလှောင်ရုံမရှိခြင်း၊ ဈေးကောင်းရရှိစေရန် အစားအစာအန္တရာယ်ကင်းစေသည့် နည်းစနစ်များကျင့်သုံးမှု အားနည်းခြင်း၊ ကုန်ချောထက် ကုန်ကြမ်းတင်ပို့မှုသာ များပြားသည့်အချက်များ ဖြစ်နေသည်။ ထိုအခြေအနေများကို အတန်အသင့်ကျော်လွှားနိုင်ရန်နှင့် စားသုံးဆီဖူလုံရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သည့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆီစက်ပိုင်ရှင်များအသင်းမှဦးဆောင်၍ ဆီထွက်သီးနှံစီမံကိန်းများ စတင်ဖော်ဆောင်ကာ တောင်သူများနှင့် ကန်ထရိုက်စနစ်ဖြင့် စတင်အကောင်အထည်ဖော်နေပြီးဖြစ်ကာ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးစေရန်ဆောင်ရွက်နေကြောင်း သိရသည်။ ဆီစက်လုပ်ငန်းလုပ်ရာတွင် ကုန်ကြမ်းခ၊ စက်လည်ရန်အတွက် မီတာခ၊ အလုပ်သမားခ စသည်ဖြင့် ကုန်ကျစရိတ်များရှိကြောင်း၊ အနံ့ထည့်ပဲဆီဈေးကွက်ကြီးထွာလာပြီးနောက် မှန်မှန်ကန်ကန် ထုတ်လုပ်ရောင်းချသူများ တွက်ခြေမကိုက်တော့၍ လုပ်ငန်းရပ်ဆိုင်းလျက်ရှိကြောင်း သိရသည်။ ဆီကုန်သည်၊ ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆီစက်ပိုင်ရှင်များအသင်းမှဦးဆောင်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အတွက်ပါ ဆီထွက်သီးနှံလုံလောက်အောင် စိုက်ပျိုးနိုင်ရေး၊ စားသုံးဆီ ထုတ်ကုန်ကြမ်းများ ရရှိနိုင်ရေးတွင် အစေ့လိုက်၊ အဆံလိုက် နိုင်ငံခြားသို့တင်ပို့နေသူများနှင့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့် အပြိုင်ဝယ်ယူနိုင်စွမ်း ရှိလာရေး သိုလှောင်ခြင်း၊ အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်းတို့တွင် စက်ပစ္စည်းအားနည်းပြီး ဈေးကွက်တွင်းရှိ စားသုံးဆီအတုများနှင့် မယှဉ်နိုင်သဖြင့် ဆီစက်ထုတ်လုပ်ငန်းလုပ်လိုသူများ နည်းပါးနေ၍ အားပေးနိုင်ရေး၊ မြေပဲ၊ နှမ်း စသည့်ကုန်ကြမ်းများ ပေါ်ချိန်တွင် ဈေးအဆမတန်ကျခြင်းအား ထိန်းချုပ်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

ဆီထွက်သီးနှံဈေးကွက်သာမကပြည်ပဈေးကွက်ထိအောင်ထိုးဖောက်နိုင်ရန်၊စားသုံးသူများဈေးနှုန်းတည်ငြိမ်ပြီး အရည်အသွေးမီစားသုံးဆီများစားသုံးရန်၊ ဆီစက်များ၏ဘေးထွက်ပစ္စည်း ပဲဖတ်၊ နှမ်းဖတ်စသည့်များမှ မွေးမြူရေးကဏ္ဍ ဆက်စပ်ဖွံ့ဖြိုးလာစေရန် ပုံဖော်ပုဂ္ဂလိလုပ်ငန်းရှင်များနှင့် အစိုးရဌာနများ ပုံဖော်လုပ်ဆောင်နေကြောင်း သိရသည်။ " ကန်ထရိုက်စနစ်နဲ့ ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ ကိုဘဲ ဦးစားပေးစိုက်တာတွေ့ရပါတယ်။ ကျန်တဲ့နှမ်းနဲ့ နေကြာစိုက်တာနည်းတယ်။ နှမ်းပေါ်ချိန်တုန်းကလည်း ဈေးကောင်းမရတော့ တောင်သူတွေဆုံးရှုံးရတော့ကန်ထရိုက်စနစ်ပုံဖော်လာဖို့လိုအပ်တယ်။ဆီထွက်သီးနှံစိုက်တဲ့တောင်သူကအစထွက်ရှိလာတာကိုရောင်းစားတယ်။ မကြိတ်စားကြတော့ဘဲဈေးကဘဲဝယ်သုံးလိုက်ကြတယ်"ဟု နေပြည်တော်၊ လယ်ဝေးမြို့နယ် ဆီထွက်သီးနှံစိုက် တောင်သူက ပြောသည်။

လက်ရှိဆီထွက်သီးနှံပင်ရင်းစိုက်ပျိုးသည့် တောင်သူလယ်သမားများကိုယ်တိုင် ထွက်ရှိလာသည့် နှမ်း၊ မြေပဲနှင့် နေကြာတို့ကို ကြိတ်ခွဲအသုံးမပြုကြတော့ဘဲ ရောင်းချကာ ဈေးကွက်ထဲမှ သင့်ရာရောနှော ဆီများကို ပြန်လည်ဝယ်ယူစားသုံးမှုများသာ ပြုလုပ်နေကြ၍ မြန်မာပြည်သူတစ်ရပ်လုံး သန့်ရှင်းသော၊ အရည်အသွေးပြည့်မီသော ဘေးအန္တရာယ်ကင်းသော စားသုံးဆီများ အသုံးပြုနိုင်ရန်အတွက် ဆီထွက်သီးနှံစီမံကိန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ကာ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက်သင့်ပါကြောင်း ရေးသားတိုက်တွန်းအပ်ပါသည်။

Source: https://www.thefarmermedia.com/news/12579

# ကုန်သွယ်မှုအခြေအနေ

## ၂၀၁၉၊ မတ်လအဓိကပို့ကုန် (၁၀) မျိုး/အဓိက သွင်းကုန် (၁၀) မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 48,019,455.460 | 227.71 | | 1 | ရေနံထွက်ပစ္စည်းများ | 196.044 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 5,321,301.783 | 186.53 | | 2 | စက်နှင့်စက်ပစ္စည်းများ | 54.395 |
| 3 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 21,701.087 | 69.14 | | 3 | ချည်ထည်များ | 44.200 |
| 4 | ဆန် | မတန် | 107,780.150 | 32.53 | | 4 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 42.628 |
| 5 | ငါး | မတန် | 33,402.724 | 28.13 | | 5 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 40.315 |
| 6 | ရာဘာစိမ်း | မတန် | 13,780.563 | 17.45 | | 6 | ဆေးဝါးပစ္စည်းများ | 35.030 |
| 7 | ဆန်ကွဲ | မတန် | 41,656.230 | 11.15 | | 7 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 34.858 |
| 8 | (ငှ)ကုလားပဲ | မတန် | 12,349.995 | 6.38 | | 8 | စားအုန်းဆီ | 33.907 |
| 9 | (ယ)ပဲလွန်းဖြူ | မတန် | 11,486.256 | 6.03 | | 9 | သံနှင့် သံမဏိပစ္စည်းများ | 30.293 |
| 10 | နှမ်း | မတန် | 2,809.266 | 4.98 | | 10 | ဓါတ်မြေသြဇာများ | 28.518 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၁၅-၃-၂၀၁၈) ထိ | ၂၀၁၈-၂၀၁၈၉ (၁၅-၃-၂၀၁၉) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၇-၂၀၁၈ (၁၅-၃-၂၀၁၈) | ၂၀၁၈ -၂၀၁၉ (၁၅-၃ -၂၀၁၉) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1425.394 | 1525.685 | 100.291 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2933.708 | 2600.748 | -332.960 |
| ၂ | တိရိစ္ဆာန်ထွက် | 42.329 | 269.757 | 227.428 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 3223.195 | 3019.313 | -203.882 |
| ၃ | ရေထွက် | 375.085 | 399.503 | 24.418 | | ၃ | လူသုံးကုန်ပစ္စည်း | 1631.243 | 1522.843 | -108.400 |
| ၄ | သတ္တုတွင်းထွက် | 1039.573 | 461.185 | -578.388 | | ၄ | CMP | 866.421 | 1000.376 | 133.955 |
| ၅ | သစ်တောထွက် | 89.720 | 83.266 | -6.454 | | | | | | |
| ၆ | စက်မှုကုန်ချော | 3028.717 | 4160.980 | 1132.263 | | | | | | |
| ၇ | အခြား | 674.266 | 471.901 | -202.365 | | | | | | |
| | **စုစုပေါင်း** | **6675.084** | **7372.277** | **697.193** | | | **စုစုပေါင်း** | **8654.56** | **8143.280** | **-511.287** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၁၉၊ မတ်လ အတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(မိုး) ရှယ် ၅% | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း ဟောင်း | ရွှေဘိုပေါ်ဆန်း သစ် | ဧည့်မထဆန် ၂၅% |
|---|---|---|---|---|---|
| ဖျာပုံ | 19000-19500 | 38000-40000 | | | 18800-19000 |
| မြောင်းမြ | 19300-20000 | 40000-42000 | | | 19000-19200 |
| ဒေးဒရဲ | 19000-19500 | 38000- 40000 | | | 19000-19200 |
| ဂါးခယ်မ | 19000-19500 | 35000-37000 | | | 18800-19000 |
| ဘိုကလေး | 19000-19300 | 33000-35000 | | | 18600-18800 |
| မော်ကျွန်း | 19000-19300 | 36000-37000 | | | 18600-18800 |
| လပွတ္တာ | 19000-19300 | 36000-37000 | | | 18600-18800 |
| ကျိုက်လတ် | 19000-19400 | 35000-36000 | | | 18600-18800 |
| ဘုရင့်နောင် | 19000-19500 | | 63000-65000 | 48000-50000 | 18400-18800 |

**Source: MRF**

## ၂၀၁၉၊ မတ်လ အတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း(ကျပ်)(ဧရာဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 2 | 4.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 3 | 5.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 4 | 6.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 5 | 7.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 6 | 8.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 7 | 11.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 8 | 12.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 9 | 13.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 10 | 14.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 11 | 15.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 12 | 18.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 13 | 19.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 14 | 21.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 15 | 22.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 16 | 25.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 17 | 26.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 18 | 28.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |
| 19 | 29.3.19 | 36000 | 34000 | 33000 | 21200 | 20500 | 20500 | 19700 | 19500 | 18000 | 19500 | 18500 | 18000 |

Source: ဂါးတန်းကုန်စည်ဒိုင်

## ၂၀၁၉၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၉ | | | | | |
| 1 | 1.3.19 | 650000 | | | | 1347300-1359500 | 783900-796100 | 1384000-1598300 |
| 2 | 4.3.19 | 660000 | | | 949200-970600 | 1356400-1368700 | 765500-786900 | 1384000-1598300 |
| 3 | 5.3.19 | 618000 | 695000 | 700000 | 949200-970600 | 1356400-1368700 | 753200-777700 | 1384000-1598300 |
| 4 | 6.3.19 | 674000 | | | 949200-970600 | 1356400-1368700 | 753200-777700 | 1384000-1598300 |
| 5 | 7.3.19 | 678000 | | 705000 | 967600 | 1356400-1368700 | 774700-817500 | 1384000-1598300 |
| 6 | 8.3.19 | 694000 | 715000 | 722000 | 949200-970600 | 1325800 | 765500-777700 | 1384000-1598300 |
| 7 | 11.3.19 | 681000 | | | 949200-968800 | 1356400-1368700 | 765500-796100 | 1276800-1439100 |
| 8 | 12.3.19 | 679000 | | | 949200-970600 | 1335000-1347300 | 765500-796100 | 1276800-1439100 |
| 9 | 13.3.19 | 686000 | | | 949200-970600 | 1335000-1347300 | 765500-796100 | 1276800-1439100 |
| 10 | 14.3.19 | 689000 | | | 949200-970600 | 1335000-1347300 | 765500-796100 | 1276800-1439100 |
| 11 | 15.3.19 | 671500 | | | 949200-970600 | 1335000-1347300 | 765500-796100 | 1276800-1439100 |
| 12 | 18.3.19 | 664000 | | 713000 | 949200-970600 | 1335000 | 744100-786900 | 1224800-1331900 |
| 13 | 19.3.19 | 684000 | | | 949200-970600 | 1325800-1338100 | 796100-839000 | 1224800-1331900 |
| 14 | 21.3.19 | 677000 | | 750000 | 937000-949200 | 1325800-1338100 | 796100-817500 | 1224800-1331900 |
| 15 | 22.3.19 | 677000 | | 740000 | 949200-970600 | 1325800-1338100 | 753200-765500 | 1224800-1279900 |
| 16 | 25.3.19 | 668000 | | | 937000-961500 | 1325800-1338100 | 713400-734900 | 1117600-1279900 |
| 17 | 26.3.19 | 669000 | | 735000 | 937000-961500 | 1325800-1338100 | 713400-734900 | 1117600-1279900 |
| 18 | 28.3.19 | 658000 | | 733500 | 937000-649200 | 1273800-1307500 | 753200-765500 | 1191100-1279900 |
| 19 | 29.3.19 | 688000 | | 761000 | 937000-949200 | 1273800-1307500 | 753200-765500 | 1191100-1279900 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ မတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ် (မြစ်ဝကျွန်းပေါ်) (အထွက်ထိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.3.19 | | 591000-603200 | 560300-584800 | 673600-685900 | 294000-306200 |
| 2 | 4.3.19 | 1246200-130300 | 591000-603200 | 560300-581800 | 673600-685900 | 294000-306200 |
| 3 | 5.3.19 | 1169700-1194200 | 591000-603200 | 560300-594000 | 661400-673600 | 294000-306200 |
| 4 | 6.3.19 | 1169700-1194200 | 591000-603200 | 560300-594000 | 661400-673600 | 294000-306200 |
| 5 | 7.3.19 | 1136000-1172700 | 591000-603200 | 569500-612400 | 673600-679800 | 275600-284800 |
| 6 | 8.3.19 | 1136000-1160500 | 591000-603200 | 569500-612400 | 652200-664400 | 275600-284000 |
| 7 | 11.3.19 | 1136000-1194200 | 591000-603200 | 560300-594000 | 652200-673600 | 281700-297000 |
| 8 | 12.3.19 | 1136000-1160500 | 591000-603200 | 560300-594000 | 652200-664400 | 281700-290900 |
| 9 | 13.3.19 | 1136000-1160500 | 591000-603200 | 560300-594000 | 652200-664400 | 281700-290900 |
| 10 | 14.3.19 | 1136000-1160500 | 591000-603200 | 560300-594000 | 652200-664400 | 281700-290900 |
| 11 | 15.3.19 | 1136000-1160500 | 591000-603200 | 560300-594000 | 652200-664400 | 281700-290900 |
| 12 | 18.3.19 | 1114500-1139000 | 900100-612400 | 560300-594000 | 652200-664400 | 294000-306200 |
| 13 | 19.3.19 | 1050200-1083900 | 591000-912400 | 538900-594000 | 652200-664400 | 294000-306200 |
| 14 | 21.3.19 | 1050200-1074700 | 591000-603200 | 508300-563400 | 652200-664400 | 275600-306200 |
| 15 | 22.3.19 | 1028800-1083900 | 597100-612400 | 508300-563400 | 643000-655300 | 294000-306200 |
| 16 | 25.3.19 | 1050200-1083900 | 600100-612400 | 508300-551200 | 630800-643000 | 294000-306200 |
| 17 | 26.3.19 | 1050200-1083900 | 600100-612400 | 508300-551200 | 630800-643000 | 294000-306200 |
| 18 | 28.3.19 | 1028800-1053300 | 591000-603200 | 508300-563400 | 661400-673600 | 294000-303100 |
| 19 | 29.3.19 | 1028800-1053300 | 591000-603200 | 508300-563400 | 661400-673000 | 294000-303100 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ မတ်လ ၏ နေ့စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-3 |
|---|---|---|
| 1 | 1.3.19 | 805-810 |
| 2 | 4.3.19 | 815-810 |
| 3 | 5.3.19 | 800 |
| 4 | 6.3.19 | 810 |
| 5 | 7.3.19 | 800-790 |
| 6 | 8.3.19 | 790-780 |
| 7 | 11.3.19 | 795 |
| 8 | 12.3.19 | 805 |
| 9 | 13.3.19 | 805 |
| 10 | 14.3.19 | 805 |
| 11 | 15.3.19 | 795 |
| 12 | 18.3.19 | 805 |
| 13 | 19.3.19 | 810 |
| 14 | 21.3.19 | 810 |
| 15 | 22.3.19 | 810 |
| 16 | 25.3.19 | 800 |
| 17 | 26.3.19 | 800 |
| 18 | 28.3.19 | 780 |
| 19 | 29.3.19 | 785 |

Source: မုဒုံဈေး





## ၂၀၁၉၊ မတ်လ ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |
| 1 | 1.3.19 | 742 | 884 | 773 | 898 |
| 2 | 4.3.19 | 742 | 884 | 769 | 898 |
| 3 | 5.3.19 | 742 | 889 | 769 | 898 |
| 4 | 6.3.19 | 742 | 889 | 769 | 898 |
| 5 | 7.3.19 | 742 | 889 | 769 | 898 |
| 6 | 8.3.19 | 751 | 889 | 769 | 898 |
| 7 | 11.3.19 | 756 | 893 | 782 | 907 |
| 8 | 12.3.19 | 760 | 893 | 782 | 907 |
| 9 | 13.3.19 | 769 | 893 | 787 | 907 |
| 10 | 14.3.19 | 773 | 893 | 813 | 907 |
| 11 | 15.3.19 | 791 | 902 | 822 | 907 |
| 12 | 18.3.19 | 782 | 902 | 822 | 902 |
| 13 | 19.3.19 | 791 | 902 | 822 | 902 |
| 14 | 21.3.19 | 804 | 902 | 836 | 902 |
| 15 | 22.3.19 | 813 | 902 | 840 | 908 |
| 16 | 25.3.19 | 818 | 902 | 836 | 907 |
| 17 | 26.3.19 | 818 | 902 | 836 | 907 |
| 18 | 28.3.19 | 804 | 884 | 831 | 902 |
| 19 | 29.3.19 | 818 | 907 | 831 | 907 |

Source: e trade Myanmar

## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

### ၂၀၁၉၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 6.3.19 to 12.3.19 | 13.3..19 to 19.3.19 | 20.3.19 to 26.3.19 | 27.3.19 to 2.4.19 |
|---|---|---|---|---|
| Emata 5 % | 380-390 | 380-390 | 380-390 | 380-390 |
| Emata 10 % | 370-380 | 370-380 | 370-380 | 370-380 |
| Emata 15% | 350-360 | 350-360 | 350-360 | 350-360 |
| Emata 25 % | 340-350 | 340-350 | 340-350 | 340-350 |
| Emata 35 % | 335-340 | 335-340 | 335-340 | 335-340 |
| Ngasein 5% | 370-380 | 370-380 | 370-380 | 370-380 |
| Ngasein 15% | 355-365 | 355-365 | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 | 315-320 | 315-320 |
| B 1-2 | 285-295 | 285-295 | 285-295 | 285-295 |
| B 2-3-4 | 275-280 | 275-280 | 275-280 | 275-280 |
| B 1&Extra | 300-310 | 300-310 | 300-310 | 300-310 |
| Glutinous 5 % | 425-430 | 425-430 | 425-430 | 425-430 |
| Glutinous 25 % | 400-410 | 400-410 | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 |

**Source: MRF**

## ၂၀၁၉၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 01.3.19 to 08.3.19 | 11.3..19 to 15.3.19 | 18.3.19 to 22.3.19 | 25.3.19 to 29.3.19 |
|---|---|---|---|---|---|
| မတ်ပဲ (2018 crop) | FAQ | 440-460 | 450-470 | 455-475 | 450-470 |
| | SQ | 540-560 | 550-570 | 560-580 | 555-575 |
| | အခွံချွတ် အလုံး/အခြမ်း | 630-660 | 645-675 | 650-680 | 645-675 |
| | အခွံပါ အခြမ်း | 550-575 | 565-590 | 570-595 | 565-590 |
| မတ်ပဲ (2017 crop) | FAQ | 430-450 | 440-460 | 445-465 | 435-455 |
| | SQ | 530-550 | 540-560 | 550-570 | 540-560 |
| | အခွံချွတ် အလုံး/အခြမ်း | 615-645 | 630-660 | 640-665 | 625-650 |
| | အခွံပါ အခြမ်း | 540-565 | 550-575 | 560-585 | 545-570 |
| ပဲတီစိမ်း | FAQ (အညာ) | 700-740 | 700-740 | 700-740 | 700-740 |
| | FAQ (ပခုက္ကူ) | 650-680 | 650-680 | 650-680 | 650-680 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-880 | 850-880 | 850-880 | 850-880 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 875-925 | 875-925 | 875-925 | 875-925 |
| | အခွံပါအလုံးသေးအခြမ်း (ပခုက္ကူ) | 815-850 | 815-850 | 815-850 | 815-850 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 935-990 | 935-990 | 935-990 | 935-990 |
| | အခွံချွတ်အလုံးသေးအခြမ်း (ပခုက္ကူ) | 870-910 | 870-910 | 870-910 | 870-910 |
| | အခွံချွတ်အလုံးကြီးအခြမ်း (ပခုက္ကူ) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 550-570 | 550-570 | 570-590 | 550-570 |
| | ဖြူနီ (FAQ) | 520-540 | 520-540 | 540-560 | 520-540 |
| | အဖြူ (FAQ) | 520-540 | 520-540 | 540-560 | 520-540 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 480-500 | 480-500 | 500-520 | 490-510 |
| | ဖြူနီ (FAQ) | 450-470 | 450-470 | 470-590 | 460-480 |
| | အဖြူ (FAQ) | 450-470 | 450-470 | 470-590 | 460-480 |
| ကုလားပဲဖြူလုံးကြီး | FAQ | 530-550 | 530-550 | 530-550 | 530-550 |
| | အခွံချွတ်အခြမ်း | 710-735 | 710-735 | 710-735 | 710-735 |
| ပဲလွန်းဖြူ | FAQ | 430-480 | 430-480 | 430-480 | 430-480 |
| | SQ (12.5 ဇကာ) | 530-580 | 530-580 | 530-580 | 530-580 |
| ပဲလွန်းနီ | FAQ | 550-590 | 550-590 | 550-590 | 550-590 |
| မြေထောက်ပဲ | FAQ | 860-890 | 860-890 | 860-890 | 900-950 |
| | အခွံချွတ်အခြမ်း | 1075-1115 | 1075-1115 | 1075-1115 | 1125-1150 |
| | အခွံပါအခြမ်း | 910-940 | 910-940 | 910-940 | 950-970 |
| ပဲထောပတ် | FAQ | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံချွတ်အခြမ်း | 900-950 | 900-950 | 900-950 | 900-950 |
| | အခွံပါအခြမ်း | 1000-1055 | 1000-1055 | 1000-1055 | 1000-1055 |
| ပြောင်း | | 180-215 | 180-215 | 180-215 | 180-215 |
| နှမ်းဖြူ | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| နှမ်းနက် (စပုံ) | | 2100-2200 | 2100-2200 | 2100-2200 | 2100-2200 |
| နှမ်းမှုန် | | 1600-1700 | 1600-1700 | 1600-1700 | 1600-1700 |
| နှမ်းညို | | 1250-1300 | 1250-1300 | 1250-1300 | 1250-1300 |
| နှမ်းနက် (ရိုးရိုး) | | 1200-1250 | 1200-1250 | 1200-1250 | 1200-1250 |
| ပဲကြီး | | 650-700 | 650-700 | 650-700 | 650-700 |
| ပဲယင်း | | 550-580 | 550-580 | 550-580 | 500-530 |
| ဘိုကိတ် | | 400-430 | 400-430 | 400-430 | 400-430 |
| နံနံစေ့ | | | | 550-600 | 550-600 |

Source: e trade Myanmar

# နိုင်ငံတကာ ဈေးနှုန်းများ (FOB)

## ၂၀၁၉၊ မတ်လ  အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 1.3.19 | 593 | 671 |
| 2 | 4.3.19 | - | - |
| 3 | 5.3.19 | 593 | 670 |
| 4 | 6.3.19 | 574 | 666 |
| 5 | 7.3.19 | 589 | 664 |
| 6 | 8.3.19 | 581 | 663 |
| 7 | 11.3.19 | 583 | 680 |
| 8 | 12.3.19 | 585 | 678 |
| 9 | 13.3.19 | 581 | 678 |
| 10 | 14.3.19 | 582 | 675 |
| 11 | 15.3.19 | 584 | 678 |
| 12 | 18.3.19 | 577 | 675 |
| 13 | 19.3.19 | 587 | 679 |
| 14 | 21.3.19 | - | - |
| 15 | 22.3.19 | 583 | 670 |
| 16 | 25.3.19 | 609 | 681 |
| 17 | 26.3.19 | 606 | 682 |
| 18 | 28.3.19 | 609 | 696 |
| 19 | 29.3.19 | 630 | 702 |

Source: e trade Myanmar

## ၂၀၁၉၊ မတ်လ အတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.3.19 | 57.45 | 66.64 | 176.06 | 2.80 | 203.52 |
| 2 | 4.3.19 | 56.05 | 65.33 | 173.48 | 2.86 | 200.87 |
| 3 | 5.3.19 | 56.33 | 65.40 | 174.30 | 2.85 | 200.58 |
| 4 | 6.3.19 | 56.09 | 65.37 | 175.64 | 2.89 | 200.65 |
| 5 | 7.3.19 | 56.38 | 66.25 | 179.56 | 2.85 | 201.90 |
| 6 | 8.3.19 | 56.33 | 65.85 | 179.01 | 2.87 | 200.02 |
| 7 | 11.3.19 | 56.37 | 66.04 | 181.18 | 2.82 | 200.39 |
| 8 | 12.3.19 | 57.07 | 66.86 | 183.15 | 2.78 | 199.93 |
| 9 | 13.3.19 | 57.13 | 66.84 | 182.37 | 2.79 | 198.74 |
| 10 | 14.3.19 | 58.40 | 64.78 | 187.28 | 2.84 | 199.64 |
| 11 | 15.3.19 | 58.63 | 67.29 | 184.66 | 2.84 | 198.39 |
| 12 | 18.3.19 | 58.36 | 67.07 | 185.66 | 2.79 | 196.78 |
| 13 | 19.3.19 | 59.10 | 67.59 | 188.72 | 2.84 | 197.03 |
| 14 | 21.3.19 | 59.83 | 68.51 | 191.22 | 2.83 | 200.55 |
| 15 | 22.3.19 | 59.83 | 67.70 | 192.77 | 2.79 | 198.08 |
| 16 | 25.3.19 | 58.45 | 66.44 | 191.48 | 2.72 | 195.15 |
| 17 | 26.3.19 | 59.16 | 67.26 | 193.69 | 2.76 | 198.28 |
| 18 | 28.3.19 | 59.20 | 67.65 | 187.99 | 2.71 | 197.64 |
| 19 | 29.3.19 | 59.66 | 68.21 | 189.43 | 2.72 | 197.32 |

Source: Bloomberg Commodities

## ၂၀၁၉၊ မတ်လ အတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Mar 1 2019 | 109.32 | * | 180.35 | * | 149.35 |
| 2 | Mar 4 2019 | 113.72 | * | 181.05 | * | 149.50 |
| 3 | Mar 5 2019 | 113.63 | * | 181.60 | * | 149.50 |
| 4 | Mar 6 2019 | 112.84 | * | 180.90 | * | 148.80 |
| 5 | Mar 7 2019 | 113.73 | * | 182.05 | * | 145.75 |
| 6 | Mar 8 2019 | 114.15 | * | 181.15 | * | 145.65 |
| 7 | Mar 11 2019 | 115.65 | * | 181.60 | * | 146.70 |
| 8 | Mar 12 2019 | 117.82 | * | 182.50 | * | 147.40 |
| 9 | Mar 13 2019 | 119.40 | * | 182.40 | * | 148.25 |
| 10 | Mar 14 2019 | 120.93 | * | 183.00 | * | 149.25 |
| 11 | Mar 15 2019 | 120.69 | * | 184.95 | * | 147.00 |
| 12 | Mar 18 2019 | 121.15 | * | 187.30 | * | 148.35 |
| 13 | Mar 19 2019 | 121.14 | * | 188.10 | * | 148.05 |
| 14 | Mar 20 2019 | 121.67 | * | 187.35 | * | 148.55 |
| 15 | Mar 21 2019 | 121.84 | * | 187.35 | * | 149.25 |
| 16 | Mar 22 2019 | 121.91 | * | 187.90 | * | 149.40 |
| 17 | Mar 25 2019 | 120.85 | * | 185.55 | * | 146.70 |
| 18 | Mar 26 2019 | 121.00 | * | 185.90 | * | 147.35 |
| 19 | Mar 27 2019 | 119.55 | * | 185.75 | * | 145.60 |

Source: Association of natural rubber producting countries

## ရွှေဈေးနှုန်းအခြေအနေ


## ၂၀၁၉၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$) နှင့် မြန်မာရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.3.19 | 1315 | 1317 | 1064500 | 1064000 |
| 2 | 4.3.19 | 1296 | 1300 | 1056500 | 1055500 |
| 3 | 5.3.19 | 1289 | 1292 | 1054500 | 1054000 |
| 4 | 6.3.19 | 1289 | 1290 | 1055500 | 1054500 |
| 5 | 7.3.19 | 1289 | 1290 | 1052500 | 1051500 |
| 6 | 8.3.19 | 1289 | 1290 | 1053000 | 1052000 |
| 7 | 11.3.19 | 1298 | 1301 | 1057500 | 1057000 |
| 8 | 12.3.19 | 1298 | 1300 | 1057000 | 1056000 |
| 9 | 13.3.19 | 1307 | 1309 | 1062000 | 1061500 |
| 10 | 14.3.19 | 1307 | 1309 | 1064500 | 1064000 |
| 11 | 15.3.19 | 1301 | 1303 | 1060000 | 1059800 |
| 12 | 18.3.19 | 1301 | 1303 | 1062500 | 1062000 |
| 13 | 19.3.19 | 1309 | 1310 | 1066500 | 1066000 |
| 14 | 21.3.19 | 1320 | 1318 | 1070500 | 1070000 |
| 15 | 22.3.19 | 1310 | 1312 | 1063000 | 1062500 |
| 16 | 25.3.19 | 1316 | 1318 | 1064000 | 1063600 |
| 17 | 26.3.19 | 1323 | 1324 | 1060000 | 1060500 |
| 18 | 28.3.19 | 1312 | 1314 | 1060000 | 1060000 |
| 19 | 29.3.19 | 1293 | 1294 | 1046000 | 1045000 |

Source: Bullionvault, etrademyanmar

## ၂၀၁၉၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး (US$)

| Date | London | New York |
|---|---|---|
| 1.3.19 | 1315 | 1317 |
| 4.3.19 | 1296 | 1300 |
| 5.3.19 | 1289 | 1292 |
| 6.3.19 | 1289 | 1290 |
| 7.3.19 | 1289 | 1290 |
| 8.3.18 | 1289 | 1290 |
| 11.3.19 | 1298 | 1301 |
| 12.3.19 | 1298 | 1300 |
| 13.3.19 | 1307 | 1309 |
| 14.3.19 | 1307 | 1309 |
| 15.3.19 | 1301 | 1303 |
| 18.3.19 | 1301 | 1303 |
| 19.3.19 | 1309 | 1310 |
| 21.3.19 | 1320 | 1318 |
| 22.3.19 | 1310 | 1312 |
| 25.3.19 | 1316 | 1318 |
| 26.3.19 | 1323 | 1324 |
| 28.3.19 | 1312 | 1314 |
| 29.3.19 | 1293 | 1294 |




Source: e trade Myanmar

## ၂၀၁၉၊ မတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.3.19 | 1519.0 | 47.617 | 225.41 | 1117.6 | 21.305 | 1350.8 |
| 2 | 4.3.19 | 1519.0 | 47.707 | 226.70 | 1121.4 | 21.438 | 1357.7 |
| 3 | 5.3.19 | 1517.9 | 47.718 | 226.48 | 1120.6 | 21.484 | 1355.9 |
| 4 | 6.3.19 | 1516.9 | 47.567 | 226.14 | 1117.3 | 21.506 | 1356.4 |
| 5 | 7.3.19 | 1518.4 | 47.771 | 226.45 | 1119.0 | 21.681 | 1359.0 |
| 6 | 8.3.19 | 1519.0 | 47.767 | 225.97 | 1116.8 | 21.735 | 1368.1 |
| 7 | 11.3.19 | 1519.5 | 47.888 | 225.99 | 1118.2 | 21.726 | 1366.1 |
| 8 | 12.3.19 | 1519.9 | 48.015 | 226.49 | 1120.7 | 21.842 | 1364.3 |
| 9 | 13.3.19 | 1521.5 | 48.134 | 226.71 | 1122.1 | 21.878 | 1366.6 |
| 10 | 14.3.19 | 1529.1 | 48.206 | 227.64 | 1128.9 | 21.986 | 1369.1 |
| 11 | 15.3.19 | 1532.1 | 48.346 | 228.3 | 1131.9 | 22.186 | 1371.9 |
| 12 | 18.3.19 | 1536.8 | 48.495 | 228.92 | 1137.0 | 22.391 | 1377.9 |
| 13 | 19.3.19 | 1542.0 | 48.690 | 229.62 | 1141.5 | 22.398 | 1385.8 |
| 14 | 21.3.19 | 1536.1 | 48.496 | 229.54 | 1139.8 | 22.404 | 1391.1 |
| 15 | 22.3.19 | 1525.5 | 48.123 | 227.24 | 1129 | 22.094 | 1379.9 |
| 16 | 25.3.19 | 1525.0 | 48.29 | 227.28 | 1129.0 | 22.151 | 1384 |
| 17 | 26.3.19 | 1520.0 | 48.038 | 226.48 | 1125.9 | 22.074 | 1380.0 |
| 18 | 28.3.19 | 1520.1 | 47.772 | 225.99 | 1121.4 | 22.025 | 1378.5 |
| 19 | 29.3.19 | 1514.9 | 47.713 | 225.53 | 1117.7 | 21.905 | 1367.4 |

Source: Central Bank of Myanmar